သိပ္ပဥ္စ ဓတံ မင်္ဂလ မုတ္တမံ၊ လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၆ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၅၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဂါနာသမ္မတနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၆

၂၀၀၅ ခုနှစ် မတ်၆ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျွန် အေဂျေကွမ် ကူဖိုးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားစည်ကားသိုက်မြိုက်စွာကျင်းပ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းကာ သာသနာနုဂ္ဂဟဆိုင်ရာတံဆိပ်တော်များအပ်နှင်း

ရန်ကုန် မတ် ၅

"သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော်ပူဇော်သိမှတ် ဂုဏ်ပြုအပ်၏" ဟူသော ဒေသနာတော်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကိုလိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်(ဂန္ထဓုရ)၊ ပဋိပတ္တိတာဝန်(ဝိပဿနာဓုရ)များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာလှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို နှစ်စဉ်ဆက်ကပ်လျက်ရှိသည်။

စဉ်ဆက်မပျက်လှူဒါန်းခဲ့

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ချိန်၌ နယ်ချဲ့ကိုလိုနီတို့၏ ဖိနှိပ်မှုဒဏ်ကြောင့် မြတ်ဗုဒ္ဓ၏ သာသနာရောင်ရှိန် မှေးမှိန်ခဲ့ရသော်လည်း လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းကာလများတွင်မူ အုပ်ချုပ်သူအစိုးရတို့သည် ပြည်တွင်းရှိ သာသနာ့ဦးသျှောင်ဆရာတော်ကြီးများကိုသာမက ပြည်ပရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဆရာတော်များကိုပါ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်များကို စဉ်ဆက်မပျက် ဆက်ကပ်လှူဒါန်းခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၂၄ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၄၂/၉၁)ဖြင့် ဘွဲ့တံဆိပ်တော်အမျိုးအစား ၂၀တို့ကို အသစ်တီထွင်ပြဋ္ဌာန်းခဲ့ပြီးနောက် စဉ်ဆက်မပျက် ယခင်ဆက်ကပ်လှူဒါန်းမြဲ ဘွဲ့တံဆိပ်တော်များနှင့် အသစ်တီထွင်ပြဋ္ဌာန်းသော ဘွဲ့တံဆိပ်တော်များကို ပြည်တွင်းနှင့်ပြည်ပမှ သာသနာတော်ဆိုင်ရာထူးခြားသောဂုဏ်အင်္ဂါအရည်အချင်းနှင့်ပြည့်စုံသည့် ***ကျောဖုံးသို့***

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က စာချဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လှူပုဂ္ဂိုလ်(အမျိုးသား)များအား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်၊ သာသနာပြု ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကိုအပ်နှင်းစဉ်။ (မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၆ ရက်)

တနင်္သာရီတိုင်းရှိ သယံဇာတအရင်းအမြစ်များကို အသုံးချ စပါးနှင့်အမယ်သစ် (အမည်သစ်) သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်

တနင်္သာရီတိုင်းသည် မြေသယံဇာတ၊ ရေသယံဇာတနှင့် ပင်လယ်ပြင် သယံဇာတများ ပေါကြွယ်ဝသော တိုင်းဖြစ်သည်။ ပင်လယ်ပြင် ငါးပုစွန်လုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်သည်။

ထို့ပြင် ပုလဲမွေးမြူရေးလုပ်ငန်းမှာလည်း တနင်္သာရီတိုင်း၏ အားထားရသော အလားအလာရှိသည့် စီးပွားရေးလုပ်ငန်းဖြစ်သည့်အပြင် ပင်လယ်ပြင်၌သာမက ကုန်းတွင်းပိုင်း၌လည်း သတ္တုများစွာ ရှာဖွေဖော်ထုတ်ရရှိနိုင်သော အခြေအနေရှိသည်။

နိုင်ငံတော်အစိုးရက တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်စေလိုသည့်စေတနာဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံလိုအပ်ချက်များကို နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းထူထောင်ပေးထားပြီး ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဝေးလံခေါင်သီသည့်ဒေသဟူ၍ ပစ်မထားဘဲ ဖွံ့ဖြိုးတိုးတက်စေရမည်ဟူသည့် စေတနာဖြင့် ဆောင်ရွက်ပေးသင့်သည်များကို ဘဏ္ဍာငွေကြေးများစွာ အကုန်အကျခံ၍ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ မွန်းလွဲပိုင်းက မြိတ်မြို့ ပုလဲရတနာခန်းမ၌ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာ၌-

“မြေသယံဇာတများကို အပြည့်အဝအသုံးချ၍ စပါးကို တိုးချဲ့စိုက်ပျိုးမည်ဆိုပါက ဆန်လိုဒေသဖြစ်သည့် တနင်္သာရီတိုင်းသည် ဒေသဆန် ဖူလုံခိုင်မာသွားမှာဖြစ်ကြောင်း၊ ထို့ပြင် ဆီအုန်းနှင့် ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်သည့် မြေသယံဇာတများစွာကျန်ရှိနေရာ ဖိဖိစီးစီး တိုးချဲ့စိုက်မည်ဆိုပါက ပြည်ပသို့ပင် ထိထိမိမိ တင်ပို့ရောင်းချသွားနိုင်ကြောင်း၊ အလားတူပင် နိုင်ငံခြားဝင်ငွေရရှိနိုင်သည့် ငရုတ်ကောင်းပင်သည်လည်း ဤဒေသ၌ လွယ်လင့်တကူ ဖြစ်ထွန်းနိုင်ကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်း၌တည်ရှိနေသော သဘာဝသယံဇာတအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချနိုင်ပါက ဒေသဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုသာမက နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိရောက်စွာ အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း”

မှာကြားသည်။

မိမိတို့ဒေသ၏ ဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာကောင်းများကို မှန်ကန်စွာ နားလည်သုံးသပ်ပြီး ကြိုးကြိုးစားစား ပူးပေါင်းအားထည့် အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဆိုပါက တနင်္သာရီတိုင်းသည် ချမ်းသာကြွယ်ဝသော တိုင်း၊ နိုင်ငံတော်ကအားထားရသော တိုင်းတစ်တိုင်း ဖြစ်လာမည် ဖြစ်ပေသည်။

တာဝန်ရှိသူအသီးသီးက နိုင်ငံတော်၏စေတနာကို နားလည်သဘောပေါက်ပြီး အလုပ်ဖြင့်တုံ့ပြန်နိုင်အောင် ကြိုးစားကြရန်လိုသည်။ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲ၍ နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဖူလုံရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်း၌တည်ရှိသော သဘာဝသယံဇာတအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချသွားကြရန်နှင့် စပါးနှင့် အမယ်သစ်(အမည်သစ်)သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်းကောင်းမင်းမြတ်တို့ပေါ်ပေါက်ခဲ့လျှင် သာသနာတော်တိုးတက်ကြီးပွားမြဲဖြစ် သာသနာပြုမင်းကင်းကွာလျှင် သာသနာတော်ဆုတ်ယုတ်နိမ့်ကျသွားနိုင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး အစိုးရ၏ချီးမြှောက်မှုလိုအပ်

ရန်ကုန် မတ် ၅

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆင်ယင်ကျင်းပအပ်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ အခမ်းအနား၌ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သြသဓာဘိဝံသမဟာထေရ် မိန့်ကြားတော်မူအပ်သော သမ္ဗောဓနီယ သြဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

သြဝါဒကထာ မြွက်ကြား

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနား၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တ သြသဓာဘိဝံသက သမ္ဗောဓနီယ သြဝါဒကထာ မြွက်ကြားတော်မူစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲသို့ ကြွရောက်တော်မူလာကြသော သက်တော်ရှည် နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ပြည်တွင်းပြည်ပမှ ဘွဲ့တံဆိပ်တော် အပူဇော်ခံမည့် ဆရာတော်အရှင်သူမြတ်တို့ဘုရား- ဤဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကြီး၌ ဘုရား တပည့်တော်အား သံဃာတော်များကိုယ်စား သမ္ဗောဓနီယသြဝါဒစကား ပြောကြားခွင့်ပြုတော်မူကြပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော်အစိုးရက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကြီးသို့ သဒ္ဓါပသန္နသောမနဿ ကုသိုလ်ဇောအစဉ်ဖြင့် ကြည်လင်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ တက်ရောက်ကြည်ညိုပူဇော်ကြသည့် နိုင်ငံတော်အကြီးအကဲများ အမှူးရှိသော ဥပါသကာ၊ ဥပါသိကာ သူတော်စင်အပေါင်းတို့-

ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးသည် ထောက်ရာငုတ်ပျံသကဲ့သို့ နိမ့်ချီတစ်ခါ မြင့်ချီတစ်လှည့် တက်လိုက်နိမ့်လိုက်ဖြင့် အတက်နှင့်အကျ ဒွန်တွဲလျက်ရှိပေသည်။ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့သည့် မင်းကောင်းမင်းမြတ်တို့ ပေါ်ပေါက်လာခဲ့လျှင် သာသနာတော်သည် တိုးတက်ကြီးပွားမြဲဖြစ်သည်။ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့သော သာသနာပြုမင်းမှ ကင်းကွာခဲ့လျှင် သာသနာတော်ကြီးသည် မစည်ပင်မပြန့်ပွားဘဲ ဆုတ်ယုတ်နိမ့်ကျသွားနိုင်ပေသည်။

ထို့ကြောင့် သာသနာတော်သည် အစိုးရမင်းတို့ကို အမှီရမှ တိုးတက်စည်ပင်ပြန့်ပွားနိုင်ကြောင်းကို သာသနံ နာမ ရာဇာနံ နိဿာယ တိဋ္ဌတေ။ “သာသနံနာမ၊ မြတ်စွာဘုရား သာသနာတော်မည်သည်ကား။ ရာဇာနံ၊ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့သော မင်းကောင်းမင်းမြတ်ကို။ နိဿာယ၊ အမှီပြု၍။ တိဋ္ဌတေ၊ တည်တံ့နိုင်၏” ဟူ၍ ရှေးစာပေကျမ်းဂန်များ၌ မိန့်ဆိုထားသည်။

သို့ဖြစ်၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးသည် ရဟန်းတော်များ တာဝန်သက်သက်သာမဟုတ်ဘဲ အစိုးရမင်းများ၏ ချီးမြှောက်ထောက်ပံ့မှု လိုအပ်ကြောင်း သိသာလှပေသည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ သာဓကတစ်ခုကို တင်ပြလိုပေသည်။ သာသနာ့သမိုင်းတွင် အလွန်ထင်ရှားသော သီရိဓမ္မာသောကမင်းကြီးသည် သာသနာပြုမင်းဖြစ်သည့်အတိုင်း သာသနာတော်အား လိုလေသေးမရှိအောင် ထောက်ပံ့ချီးမြှောက်ခဲ့သည်။ အနေအစားချို့တဲ့လာကြသော သာသနာပတိတ္ထိများသည် မိမိတို့ကိုယ်တိုင် သင်္ကန်းဝတ်ကာ သာသနာတော်သို့ ဝင်ရောက်လာခဲ့ကြသည်။ ယင်းသို့တိတ္ထိများသာသနာတော်သို့ ဝင်ရောက်လာခြင်းကြောင့် သာသနာတော်သည် အတုအယောင်များဖြင့် မသန့်မရှင်းညစ်နွမ်းခဲ့ရသည်။

သီရိဓမ္မာသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မဟာထေရ်မြတ်ကြီး၏ သြဝါဒကို ခံယူကာ ထိုသာသနာညစ်နွမ်းမှုကို သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်ခဲ့ပေသည်။ မင်းကြီးသည် သာသနာတော် သန့်ရှင်းပြီးသောအခါ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ဟူသော အရေအတွက်အရ ဓမ္မက္ခန္ဓာတစ်ပါးလျှင် ကျောင်းတိုက်တစ်တိုက်စီ ပူဇော်သောအားဖြင့် ရွာကြီးများအပါအဝင် တစ်မြို့လျှင် တစ်ကျောင်းတိုက်စီ ဆောက်လုပ်လှူဒါန်းပူဇော်သည်။ နေရာအနှံ့အပြားတွင် စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်ကိုလည်း တည်ထားကိုးကွယ်ပြီး သာသနာတော်မပျံ့နှံ့သေးသော ကိုးတိုင်းကိုးဌာနသို့လည်း သာသနာပြုရဟန်းတော်များ စေလွှတ်ကာ သာသနာတော်စည်ပင် ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရှေးမင်းကောင်းမင်းမြတ်တို့၏ သာသနာပြုထုံးကို နှလုံးမူလျက် သာသနာ့ဝန်ထမ်းရဟန်းတော်များအား တောရောမြို့ပါမကျန် ပြည်နယ်တိုင်းစုံအနှံ့ ပစ္စည်းလေးပါးဖြင့် လှူဒါန်းထောက်ပံ့ခြင်း၊ ဘုရား၊ ကျောင်းကန် မရှိသေးသော အစွန်အဖျားနယ်စပ်ဒေသများ၌ ဘုရားကျောင်းကန်များ တည်ဆောက်လှူဒါန်းခြင်း၊ သာသနာပြု ရဟန်းတော်မရှိသေးသော အရပ်ဒေသများသို့ သာသနာပြုရန် ရဟန်းတော်များစေလွှတ်၍ သာသနာပြုစေခြင်းတို့ဖြင့် သာသနာတော် တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိပေသည်။

ထို့ကြောင့် သာသနာတော်မြတ်ကြီး အစဉ်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ရဟန်းတော်များဘက်မှလည်း စာပေပရိယတ္တိသင်ကြားပို့ချခြင်း၊ ဟောပြောဆုံးမခြင်း၊ ဂန္ထဓုရတာဝန် တရားဘာဝနာပွားများခြင်း၊ ဝိပဿနာဓုရတာဝန်ဟူသော ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ကြ၍ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ ဥပါသိကာများဘက်မှလည်း သာသနာတော်အတွက်လိုအပ်သော ပစ္စည်းလေးပါးထောက်ပံ့ခြင်း၊ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ကြ၍ ဆရာဒကာ အချင်းချင်းကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသကဲ့သို့ အမှီသဟဲပြု၍ ဆောင်ရွက်ကြပါလျှင် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးသည် အနှစ်ငါးထောင်မကကြာအောင် တည်တံ့နေမည်ဖြစ်ကြောင်း မိန့်ကြားရင်း ဘုန်းကြီး၏ သမ္ဗောဓနီယ သြဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်ပါသည်။ **(သတင်းစဉ်)**

ရေစက်သွန်းချ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်း အပ်နှင်းပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေကြစဉ်။ (သတင်းစဉ်)

✳ *ကျောဖုံးမှ*

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၈ ပါး၊ သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၁၇ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၂ပါး၊ ဂန္ထဝါစက စာချဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၉၉ ပါး၊ ဓမ္မကထိကဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါး၊ ဂန္ထဝါစက စာချဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး အပါး ၂၀၊ သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး လေးပါးနှင့် သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်(အမျိုးသား)၁၀ဦး၊ သာသနာနုဂ္ဂဟဆိုင်ရာဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် (အမျိုးသား) ၁၈ ဦး၊ သာသနာနုဂ္ဂဟဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် (အမျိုးသမီး) ၂၂ ဦးတို့ ဖြစ်သည်။

ဘွဲ့တံဆိပ်တော်အပ်နှင်း

ယင်းသို့ ဆက်ကပ်လှူဒါန်းခြင်း ခံရသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညိုပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကာ သာသနာနုဂ္ဂဟဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အပ်နှင်းသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်နှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ

> ### လျှောက်ထား
>
> **သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင် ရာ များ ကို လျှောက်ထားစဉ်။ (သတင်းစဉ်)**

သီရိလင်္ကာ နိုင်ငံ သံရုံး၊ ကမ္ဘောဒီးယားနိုင်ငံသံရုံး၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတ နိုင်ငံသံရုံးနှင့် နီပေါနိုင်ငံ သံရုံးတို့မှ သံရုံးအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ဆူးလေစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်နှင့် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)တို့မှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဈေးမိ ဈေးဖများ၊ ဆွမ်းကွမ်းအလှူရှင်များ၊ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် အလှူတော်ခံယူကြမည့် ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၏ တပည့်ဒါယကာ ဒါယိကာမများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နံနက် ၁၁ နာရီမှစတင်၍ နိုင်ငံတော် ဆိုင်းအဖွဲ့က သီချင်းကြီးများနှင့် ဓမ္မတေးသီချင်းများဖြင့် သီဆိုတီးမှုတ်၍ ဧည့်ခံဖျော်ဖြေသည်။

နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူကြမည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ကိုးပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၈ ပါးနှင့် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၅၄ ပါးတို့အား ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး နားနေခန်းသို့ ကြိုတင်ပင့်ဆောင်ထားရှိပြီး ကျန်ဘွဲ့ခံဆရာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား သီတင်းသုံးမည့်နေရာများသို့ ပင့်ဆောင်ထားရှိကာ လူပုဂ္ဂိုလ်များအား သတ်မှတ်နေရာများ၌ နေရာချထားပေးကြသည်။

ပင့်ဆောင်

ထို့နောက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ ဦးဆောင်သော တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်ကြီးများနှင့် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော် တောင်ဘက်မှ မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်လာကြရာ သာသနာရေး ဝန်ကြီးဌာနမှ အရာထမ်းများဖြစ်ကြသည့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက အောင်သပြေစိုက်ငွေဖလားကိုပိုက်လျက် လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်က ကွမ်းတောင်ကိုကိုင်ဆောင်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးထွန်းလှက ပန်းကလာပ်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးဦးမြဝင်းက နိုင်ငံတော် သံဃမဟာနာယက ဆိုင်းဘုတ်ကို ကိုင်ဆောင်၍လည်းကောင်း၊နိုင်ငံတော် သံဃမဟာ နာယက ဆရာတော်ကြီးများအား ပင့်ဆောင်လာကြသည်။

ထို့အတူ ဦးစီးအရာရှိ ဦးထွန်းနိုင်က တိပိဋကဓရ တိပိဋက ကောဝိဒ ဆိုင်းဘုတ်ကိုကိုင်ဆောင်၍ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများအား ပင့်ဆောင်လာသည်။

ထို့နောက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးလွင်က အဘိဓဇမဟာရဋ္ဌဂုရု ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီးသုံးပါးတို့ အားလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးခိုင်အောင်က အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်အလှူခံယူမည့် ဆရာတော်ကြီးကိုးပါးတို့အားလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းရွှေက အဂ္ဂမဟာပဏ္ဍိတ ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး ၁၈ပါးတို့အား လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်ရွှေက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆိုင်းဘုတ်ကိုကိုင်ဆောင်၍ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး ၅၄ပါးတို့အား လည်းကောင်း အသီးသီးပင့်ဆောင်လာကြပြီး ဌာနမှူး ဦးရဲဋ္ဌေးက ပန်းမိုးရွာလျက် နောက်ဆုံးမှ လိုက်ပါလာသည်။

ထိုကဲ့သို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်သော တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများအား ဝံယာတစ်ဖက်တစ်ချက်စီတွင် ကနက္ကဒဏ်ထီးဖြူတော်များဖြင့် တန်ဆာဆင်အပ်သော မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်လာချိန်တွင် နိုင်ငံတော်ဆိုင်းအဖွဲ့က ရောင်ခြည်တော်ဘွဲ့ သီချင်းကြီးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်သည်။

ဖူးမြော်ကြည်ညို

ထို့အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့်ဧည့်ပရိသတ်များကလည်း လက်အုပ်ချီမိုးလျက် ဖူးမြော်ကြည်ညိုကန်တော့ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

တီကရစ်အနီးရှိ အမေရိကန်တပ်ဖွဲ့၏ အခြေစိုက်စခန်း ပြောက်ကျားများက စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်

မတ် ၄ ရက်က တီကရစ်မြို့အနီး အမေရိကန်စစ်အခြေစိုက်စခန်းကို ပြောက်ကျားတို့က စိန်ပြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်ပြီးနောက် ပြန်လည်ပစ်ခတ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တီကရစ် မတ် ၄

ခုခံတိုက်ခိုက်ရေးပြောက်ကျားများသည် တီကရစ်အနီးရှိ အမှတ်(၄) ခြေမြန်တပ်မ အခြေစိုက်စခန်းကို ဗုဒ္ဓဟူးနေ့၌ စိန်ပြောင်းများဖြင့် တိုက်ခိုက်ခဲ့ရာ စိန်ပြောင်းကျည်တစ်လုံးမှာ ထမင်းစားခန်းအနီး ကျရောက်ပေါက်ကွဲခဲ့သော်လည်း တစ်ဦးမျှ ထိခိုက်ခြင်းမရှိဟု သိရသည်။

ဘဂ္ဂဒက်မြို့လယ်၌လည်း ဗုဒ္ဓဟူးနေ့ညက ကြီးမားသော ပေါက်ကွဲမှုကြီး ငါးခုဖြစ်ပွားခဲ့ရာ အမေရိကန်ဦးဆောင်သော သိမ်းပိုက်ရေး အုပ်ချုပ်မှုအဖွဲ့၏ ရုံးချုပ်များရှိရာ အစိမ်းရောင်နယ်မြေမှ ဥသြဆွဲသံများ ထွက်ပေါ်လာခဲ့သည်။ အမေရိကန်စစ်ဘက်ဆိုင်ရာ သတင်းဌာနက မည်သည့်နေရာ၌ ပေါက်ကွဲမှုများဖြစ်သည်ဆိုသော သတင်းမရရှိကြောင်း ပြောဆိုသည်။

တီကရစ်တွင် အမှတ်(၄) ခြေမြန်တပ်မ၏ ထမင်းစားခန်းမှ ကိုက်ခပ်လှမ်းလှမ်းအကွာ၌ ကျရောက်ခဲ့သော စိန်ပြောင်းကျည်တစ်လုံးမှာ မပေါက်ကွဲခဲ့ဘဲ အခြားနှစ်လုံးမှာ လူမရှိသောနေရာများ၌ ပေါက်ကွဲခဲ့သည်။ ဗုံးရှင်းတပ်ဖွဲ့ဝင်များသည် မပေါက်ကွဲသော စိန်ပြောင်းကျည်နှင့် အခြားတစ်ခုကို စနက်တံဖြုတ်ပေးခဲ့ရသည်ဟု ဆိုသည်။ တီကရစ်မြို့မှ တစ်မိုင်အကွာရှိ အေဂျီအယ်လ်မြို့အနီးမှ စိန်ပြောင်းများ ပစ်ခတ်ရာ ကျေးရွာမှ လူသုံးဦးထွက်ပြေးသည်ကို တပ်ဖွဲ့ဝင်များက မြင်တွေ့လိုက်ရသည်ဟု ဆိုသည်။

အဆိုပါကျေးရွာတွင်းရှိ အိမ်တစ်အိမ်ကို တပ်ဖွဲ့ဝင်များက ဝိုင်းထားခဲ့သော်လည်း ဖမ်းဆီးခြင်းရှိမရှိ မသိရဟု ဆိုသည်။

(အင်တာနက်)

အီရတ်၌ ကျန်းမာရေးဝန်ထမ်းနှင့် ဆေးပစ္စည်းမလုံလောက် ပဋိဇီဝဆေးများမလုံလောက်၍ မိခင်နှင့်ကလေးများသေဆုံးရ

အီရတ် မတ် ၄

အီရတ်နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေရာ နာမကျန်းဖြစ်သူများနှင့် ဒဏ်ရာရရှိသူများကို ပြုစုပေးရန် ကျန်းမာရေးဝန်ထမ်းအင်အား ဆေးဝါးပစ္စည်းကိရိယာများ လုံလောက်မှုမရှိကြောင်း သိရသည်။

အီရတ်ယာယီအစိုးရ ကျန်းမာရေးဝန်ကြီး၏ ပြောကြားချက်အရ ပဋိဇီဝဆေးများ လုံလောက်မှုမရှိခြင်းကြောင့် တစ်နှစ်အရွယ် ကလေး ၁၀ ယောက်အနက် တစ်ယောက်မှာ အသက် တစ်နှစ်မပြည့်မီ သေဆုံးနေပြီး မွေးဖွားပြီးစ မိခင် ထောင်ပေါင်းများစွာတို့သည်လည်း သေဆုံးခဲ့ရကြောင်း၊ မီးအလင်းရောင်မရှိခြင်းကြောင့် ဆေးရုံများမှာ မှောင်မည်းနေကြောင်း ပြီးခဲ့သည့် ယခုနှစ် ကျန်းမာရေးကဏ္ဍအတွက် ရေနံထုတ်လုပ်ရောင်းချမှုရငွေမှ သုံးစွဲမည် ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်စစ်ပွဲတရားမျှတကြောင်းအကြောင်းပြရန် တားမြစ်လက်နက်ကိစ္စကို ဘုရှ် ပုံကြီးချဲ့ခဲ့

လန်ဒန် မတ် ၄

ဘုရှ်အား စိန်ခေါ်သော ဒီမိုကရက်တို့က ကျူးကျော်မှုတရားမျှတစေရန် အတွက် အီရတ်၏ တားမြစ်လက်နက်များ ခြိမ်းခြောက်မှုကို ပုံကြီးချဲ့ခဲ့ကြောင်း စွပ်စွဲထားကြသည်။

အမေရိကန်သမ္မတ ဘုရှ်အနေဖြင့် အီရတ်၏ သိုလှောင်သိမ်းဆည်းထားသည်ဆိုသော ဇီဝနှင့်ဓာတုလက်နက်များနှင့်စပ်လျဉ်း၍ မှားယွင်းသည်ဟု ထင်မှတ်ခဲ့ကြောင်း၊ ဝန်ခံပြီး မကွယ်မဝှက်အားလုံးကို ဖြောင့်ချက်ပေးသင့်ကြောင်း အမေရိကန်လက်နက်စစ်ဆေးရေးအဖွဲ့ အကြီးအကဲဟောင်း ဒေးဗစ်ကေးက ယမန်နေ့၌ တွေ့ဆုံမေးမြန်းရာတွင် ပြောကြားလိုက်သည်။

ထင်မြင်

ထောက်လှမ်းရေးသတင်း မှားယွင်းကြောင်းကို လက်မခံခြင်းသည် လွဲမှားစွာဦးဆောင်ခြင်းကို ပြည်သူလူထုခံခဲ့ရကြောင်း ထင်မြင်စေသည်ဟု ဗြိတိန်နိုင်ငံထုတ် ဂါဒီယန်သတင်းစာသို့ ကေးက ပြောကြားသည်။

အကြောင်းပြချက်

အီရတ်အဖျက်စွမ်းအားကြီးမားသော လက်နက်များသည် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀ ကျော်သေဆုံးခဲ့ရသော စစ်ပွဲအတွက် ဘုရှ်အစိုးရက ပေးသော အဓိကအကြောင်းပြချက် ဖြစ်ခဲ့ဖြစ်သည်။

ဆက်ဒမ်ဟူစိန်သည် ထိုလက်နက်များကို မပိုင်ဆိုင်သည်ဆိုလျှင်သော်မှ တီထွင်ထုတ်လုပ်နိုင်စွမ်းရှိကြောင်းကို သမ္မတဘုရှ်က ထိုအချိန်မှစပြီး ကာကွယ်ပြောဆိုခဲ့သည်။ **(အင်တာနက်)**

ဗုံးပေါက်ကွဲမှုကြောင့် ဘဂ္ဂဒက်နှင့်ကာဘာလာ၌ သေဆုံးသူ ၂၇၁ ဦးရှိပြီ

ဘဂ္ဂဒက် မတ် ၄

ဘဂ္ဂဒက်နှင့် ကာဘာလာတွင် ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးသူ စုစုပေါင်းဦးရေသည် ၂၇၁ ဦးထိ မြင့်တက်သွားသည်ဟု အီရတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မိုဟာမက်ဘာဟာအယ်အူလွမ်က ဘဂ္ဂဒက်၌ပြုလုပ်သော သတင်းစာရှင်းပွဲတွင် ပြောကြားသည်။

သို့ရာတွင် အီရတ်ကျန်းမာရေးဝန်ကြီး ခုဒီယာအက်ဘက်ခ်က ဘဂ္ဂဒက်၌ ၇၁ ဦးသေဆုံးခဲ့ပြီး ကာဘာလာ၌ ၉၈ ဦး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူစုစုပေါင်းကို အတိအကျသိရန်မှာ ခက်ခဲကြောင်း၊ အဘယ်ကြောင့်ဆိုသော် သေဆုံးသူ အများအပြား၏ အလောင်းများမှာ ရေတွက်မရလောက်အောင်ဖြစ်နေ၍ ဖြစ်ကြောင်း ပြောဆိုသည်။ **(အင်တာနက်)**

မတ် ၄ ရက်က ကာဘာလာမြို့၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားရာတွင် သေဆုံးရသူတို့၏ မိသားစုများ ပူဆွေးငိုကြွေးနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမျိုးသား စုစည်းညီညွတ်မှုရှိပြီး တိုင်းပြည်ကိုချစ်ရန် မလေးရှားပြည်သူများကို ဝန်ကြီးချုပ် ဘာဒါဝီ တိုက်တွန်း

ကွာလာလမ်ပူ မတ် ၄

လူမျိုးစုများအားလုံး အမျိုးသား စုစည်းညီညွတ်မှုရှိကြရန်နှင့် တိုင်းပြည်ကို ချစ်မြတ်နိုးကြရန် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက အင်္ဂါနေ့၌ တိုက်တွန်းလိုက်သည်။

ဖျက်ဆီးမည်

အကယ်၍ တိုင်းပြည်ကို မိမိတို့မချစ်မြတ်နိုးလျှင် မိမိတို့ရရှိထားသော ငြိမ်းချမ်းရေးကို တဖြည်းဖြည်းချင်း ပြည်ပ၏ လွယ်လွယ်ကူကူ ဖျက်ဆီးခြင်းကို ခံရလိမ့်မည်ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

ပြောကြား

ဝန်ကြီးချုပ်သည် ကွာလာလမ်ပူ၌ စတင်ကျင်းပသော ဆာယာအနက်စ် မလေးရှား(မိမိသည် မလေးရှားတစ်ဦး)ဆိုသော စည်းရုံးလှုံ့ဆော်သည့် အခမ်းအနားတွင် ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဖတ်ကြား

ဝန်ကြီးချုပ် ဘာဒါဝီ၏ မိန့်ခွန်းကို အမျိုးသားညီညွတ်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဆီတီဇာဟာရာဆူလေမန်က ဖတ်ကြားပြခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်၌ လူမှောင်ခိုရောင်းဝယ်မှု နှိမ်နင်း ပညာပေးပို့ချမည့် ဗီဒီယိုခွေနှင့် စာအုပ်များထုတ်ပြန်

ပေကျင်း မတ် ၄

တရုတ်ရဲတပ်ဖွဲ့သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အမျိုးသမီးများနှင့် ကလေးများကို မှောင်ခိုရောင်းဝယ်သည့် ၂၀၃၆၀ မှုကို ဖော်ထုတ်ဖမ်းဆီးရရှိထားခဲ့သည်ဟု ပြည်သူ့လုံခြုံရေး ဒုတိယဝန်ကြီး လျူအိုဖင်းက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

တရုတ်ရဲတပ်ဖွဲ့သည် လွန်ခဲ့သည့်သုံးနှစ်အတွင်း လူသားမှောင်ခိုမှုတွင် အမှုကျူးလွန်ခဲ့ကြသော ရာဇဝတ်သား ၂၂၀၁၈ ဦးကို ဖမ်းဆီးခဲ့ပြီး အမျိုးသမီးများနှင့် ကလေးငယ် ၄၂၂၁၅ ဦးကို ကယ်တင်ပေးခဲ့ကြောင်း ဝန်ကြီး လျူအိုက ပြောကြားသည်။

မတ်လ ၈ ရက်နေ့တွင်ကျရောက်သော နိုင်ငံတကာဆိုင်ရာ အမျိုးသမီးများနေ့အကြိုအဖြစ် တရုတ်နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများအဖွဲ့ချုပ် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးတွဲလျက် လူမှောင်ခိုကူးသူများ၏ သားကောင်မဖြစ်ရေးအတွက် မည်သို့ရှောင်ရှားမည်ဆိုသော ပညာပေးပို့ချပေးမည့် ဗီဒီယိုတိပ်ခွေများနှင့် လက်ကမ်းကာတွန်း ကြော်ငြာပုံများကို ထုတ်ပြန်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တိုနီဘလဲ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများ နိုင်ငံတကာတရားရုံးတွင် စစ်ဆေးပေးရန်တောင်းဆို

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

သည်ဟိဂ် မတ် ၄

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော စစ်ရာဇဝတ်မှုများကို အသေအချာစစ်ဆေးရန် သည်ဟိဂ်မြို့ရှိ နိုင်ငံတကာဆိုင်ရာ ရာဇဝတ်တရားရုံး(အိုင်စီစီ)အား ဗြိတိသျှဆန့်ကျင်ရေးတရားဥပဒေဆောင်ရွက်မှု အုပ်စုက အင်္ဂါနေ့၌ တောင်းဆိုလိုက်သည်။

ဝန်ကြီးချုပ် တိုနီဘလဲအပြင် ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရော၊ ကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းနှင့် ရှေ့နေချုပ်လော့ဒ်ဂိုးလ်စမစ်တို့ကိုလည်း အဆိုပါဥပဒေအုပ်စုက ပစ်မှတ်ထားသည်ဟု သိရသည်။

စစ်ဆေးမည်

နိုင်ငံတကာဆိုင်ရာ ရာဇဝတ်တရားရုံးအနေဖြင့် အီရတ်ကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ ဆင့်ကဲပေါက်ဗုံးများ အသုံးပြုခြင်းနှင့် ဂုဏ်သတ္တိလျော့ ယူရေနီယံကျည်ဆန်များသည် စစ်ရာဇဝတ်မှုများ ဟုတ် မဟုတ် စစ်ဆေးမည်ဖြစ်ကြောင်း ယင်းဥပဒေအုပ်စုက ပြောကြားသည်။

သိလျက်

အဓိကတရားစွဲချက်မှာ အရပ်သားများကို အသက်ဆုံးရှုံးစေမည်၊ သို့မဟုတ် ထိခိုက်ဒဏ်ရာရစေမည်ကို သိလျက် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း အဆိုပါအုပ်စုက ပြောကြားသည်။

အဆိုပါ ဥပဒေရေးရာအုပ်စုကို ဗြိတိသျှနိုင်ငံသားများ အုပ်စုဖြင့်ဖွဲ့စည်းထားပြီး နိုင်ငံတကာအငြင်းပွားမှုများကိုဖြေရှင်းရာ၌ စစ်တပ်ကိုအသုံးပြုခြင်းအား တားဆီးရန်အတွက် စုံစမ်းစစ်ဆေးရန်အပြင် ဖြစ်နိုင်သည့် ဥပဒေလမ်းကြောင်းကို အသုံးချရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၅၅၀ ရှိပြီ

ဘဂ္ဂဒက် မတ် ၄

အီရတ်ကို အမေရိကန်ဦးဆောင်ပြီး စစ်ပွဲဆင်နွှဲခဲ့ချိန်မှစပြီး မတ် ၃ ရက် ဗုဒ္ဓဟူးနေ့ရောက်ချိန်တွင် အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၅၅၀ ဖြစ်သည်။

ကြေညာ

ယင်းအနက် ၃၇၉ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၇၁ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးသည်ဟု ကာကွယ်ရေးဌာန ကြေညာချက်အရ သိရသည်။

စစ်ဆင်ရေးစသည်မှ တိုက်ပွဲ၌ ဒဏ်ရာရသူဦးရေ ၂၇၃၁ ဦးဖြစ်၍ တိုက်ပွဲ၌မဟုတ်ဘဲ ဒဏ်ရာရသူဦးရေမှာ ၄၁၉ ဦးဖြစ်သည်ဟု သိရသည်။

မေ ၁ ရက်မှစပြီး အီရတ်၌ သေဆုံးသော တပ်ဖွဲ့ဝင်ဦးရေမှာ ၄၁၂ ဦးဖြစ်ရာ ယင်းအနက် ၂၆၄ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၄၈ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခဲ့သည်။ **(အင်တာနက်)**

စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်ခံရမှုနှင့် အီရတ်စစ်ပွဲကြောင့် အမေရိကန်ဆယ်ကျော်သက်များ စိတ်ဖိစီးမှုများဖြစ်နေ

ဝါရှင်တန် မတ် ၃

အမေရိကန်ဆယ်ကျော်သက်များသည် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုများနှင့် အီရတ်စစ်ပွဲ၏စိတ်ဖိစီးမှုဒဏ်ကို ခံစားနေကြရကြောင်း စူးစမ်းလေ့လာတွေ့ရှိချက်သစ်များက ပြောဆိုသည်။

တွေ့ရှိ

ဂျော်ဂျီယာ ဆေးကောလိပ်နှစ်ခုက စိတ်ဖိစီးမှုဒဏ်ခံရသော ဆယ်ကျော်သက်များကို စူးစိုက်လေ့လာခဲ့ခြင်းဖြစ်ပြီး ယခုသီတင်းပတ်၌ အိုလန်ဒိုတွင်ကျင်းပသော အမေရိကန် စိတ်ရောဂါအသင်း နှစ်ပတ်လည်အစည်းအဝေး၌ တင်ပြခဲ့သည်။ စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုဖြစ်ပွားပြီး နောက်သုံးလအကြာ၌ လေ့လာတွေ့ရှိချက်တစ်ခုတွင် လူမည်းအထက်တန်းကျောင်းသား ၄၀၀ အနက် ၁၀ ရာခိုင်နှုန်းသည် စိတ်ဖိစီးမှုဒဏ် ခံခဲ့ရကြောင်း တွေ့ရှိခဲ့သည်။

လေ့လာချက်

ဒုတိယလေ့လာတွေ့ရှိချက်တွင် အရွယ်ရောက်သူ ၁၄၉ ဦးသည် အီရတ်စစ်ပွဲကြောင့် စိတ်ရောဂါဖိစီးခြင်းခံရကြောင်း တွေ့ရှိရသည်။ ယင်းလေ့လာချက်အရ စစ်ဘက်မိသားစုများမှ ဆက်ကျော်သက်များ၌ စိတ်ဖိစီးမှုဒဏ် အများဆုံးဖြစ်ကြောင်း တွေ့ရသည်။ **(အင်တာနက်)**

အမေရိကန်တို့အားဆန့်ကျင်ဆန္ဒပြ

မတ် ၄ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုဆူးလ်မြို့ ရဲစခန်းအား ပြောက်ကျားတို့ စိန်ပြောင်းဖြင့်ပစ်ခတ်

မိုဆူးလ် မတ် ၅

အီရတ်နိုင်ငံမြောက်ပိုင်းမိုဆူးလ်မြို့ ရဲစခန်းတစ်ခုနှင့် အဆောက်အအုံတစ်ခုကို ပြောက်ကျားများက စိန်ပြောင်းကျည်ငါးလုံးထက်မနည်းဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ရဲအရာရှိတစ်ဦးအပါအဝင်လူသုံးဦးဒဏ်ရာရကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ပစ်ခတ်

တိုက်ခိုက်ရေးသမားများသည် ကားဖြင့်ထွက်မပြေးမီ ရဲစခန်းနှင့် အဆောက်အအုံတစ်ခုကို တရစပ်ပစ်ခတ်ခဲ့ကြသည်ဟု မိုးဆူးလ်မြို့လယ်ရှိ ရဲစခန်းမှအရာရှိများက ပြောကြားသည်။

အဆိုပါဒေသကို ရဲအဖွဲ့က ဝိုင်းထားလိုက်ပြီး မော်တော်ယာဉ်ကို ရှာဖွေနေကြောင်း၊ တစ်ဦးမှာ ဒဏ်ရာပြင်းစွာရရှိကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

လုပ်ကြံ

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင်ရှိသော ရဲစခန်းတစ်ခုနှင့် ဘဂ္ဂဒက်မြောက်ဘက်တွင်ရှိသော ရဲစခန်းတစ်ခုတို့ကို ဖေဖော်ဝါရီလထဲ၌ သီးခြားအသေခံဗုံးခွဲတိုက်ခိုက်ချိန်တွင် မိုဆူးလ်မြို့၌ ရဲအရာရှိကြီးတစ်ဦးကို သေနတ်သမားများက သတ်ဖြတ် သွားခဲ့ကြသည်။

မိုဆူးလ်မြို့တွင် ရဲစခန်းအတိုက်ခံရခြင်းသည် အီရတ်ရဲအဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များကို နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်။

သေဆုံး

မိုဆူးလ်မြို့၌ ကြာသပတေးနေ့တွင် ရဲစခန်းအားတိုက်ခြင်းသည် လူ ၁၆၉ဦးထက်မနည်း သေဆုံးခဲ့ရသော ဘဂ္ဂဒက်နှင့် ကာဘာလာတို့၌ တိုက်ခိုက်မှုများ အပြီးတွင်ဖြစ်သည်။

(အင်တာနက်)

လုံခြုံရေးစောင့်ကြပ်

မတ် ၄ ရက်က ကာဘာလာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၌ အဝလွန်သူ သန်း ၃၀ရှိနေ

ပေကျင်း မတ် ၄

တရုတ်နိုင်ငံတွင် ဝသူအရေအတွက် သန်း၂၀၀ ထိရှိပြီး အနည်းဆုံး သန်း ၃၀ မှာ အဝလွန်သူများဖြစ်ကြသည်ဟု တရုတ်ရိုးရာ ဆေးသိပ္ပံကျောင်းနှင့် ပူးပေါင်းထားသော စီယွမ်ဆေးရုံမှ ဆရာဝန်လီချန်ရှင်းက ပြောကြားလိုက်သည်။

အသက် ၅၀ ကျော်သူများအတွင်း အများအားဖြင့် အဝလွန်ကြပြီး ယောကျာ်းများက ၄၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် အမျိုးသမီးများက ၅၅ ဒသမ ၄၃ ရာခိုင်နှုန်းရှိကြောင်း ၎င်းကပြောဆိုသည်။

ခြိမ်းခြောက်

အဝလွန်ခြင်းသည် ပေကျင်း၌ နေထိုင်သူများ အထူးသဖြင့် အခြေခံနှင့် အလယ်တန်းကျောင်းသား ကျောင်းသူများ၏ အသက်ကို ခြိမ်းခြောက်သည့် ဆိုးရွားသော ရောဂါများအနက် တစ်ခုဖြစ်ကြောင်း ဆရာဝန်လီက ပြောကြားသည်။ ပေကျင်းရှိ ကလေးငယ်များအတွင်း အဝလွန်သည့် အချိုးအစားသည် ၂၀၀၂ ခုနှစ်၌ ၁၈ ဒသမ ၁၇ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ၁၉၉၁ ခုနှစ်၌ ၁၀ ဒသမ ၆၁ ရာခိုင်နှုန်း ရှိသည်။

အကြံပြု

အဝလွန်ခြင်းသည် သွေးတိုး၊ နှလုံးနှင့် ဆီးချိုဖြစ်ရန် ပိုမိုအလားအလာရှိကြောင်း ဆရာဝန်လီက သတိပေးထားပြီး အဝလွန်သူများ၏ လူ့သက်တမ်းသည် ပုံမှန်ရှိသူများထက် လေးနှစ်ပို၍ အသက်တိုသည်ဟု ဆိုသည်။

ကျွမ်းကျင်ပညာရှင်အချို့က အဝလွန်နိုင်သော လူနေမှုပုံစံများကိုစွန့်လွှတ်ပြီး ကျန်းမာရေးလေ့ကျင့်ခန်းများပိုလုပ်ရန် အကြံပြုတိုက်တွန်းထားသည်။

အမ်အင်အေ၊ ဆင်ဟွာ



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့နောက် အခမ်းအနားကို မွန်းတည့်၁၂ နာရီတွင်စတင်ကျင်းပရာ ရှေးဦးစွာအခမ်းအနားမှူး ရန်ကုန်တိုင်းသာသနာရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ ဆရာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၊ ဧည့်ပရိသတ်များက နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍အခမ်းအနားကိုစတင်သည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စဉ်လာမပျက် ဆက်ကပ်လှူဒါန်းခြင်းဖြစ်သော သာသနာတော်ဆိုင်ရာ ဘွဲ့ တံဆိပ်တော်များကို ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၁၃ရက် (၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ ရက်) လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၄) ဖြင့် ထုတ်ပြန်ကြေညာ၍ ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

စည်ကားစွာကျင်းပ

ယင်းအမိန့် ကြော်ငြာစာအရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့်လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များဆက်ကပ်လှူဒါန်းအပ်နှင်းသည့် ဤမဟာမင်္ဂလာအခမ်းအနားကြီးကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ယနေ့စည်ကားသိုက်မြိုက်စွာ ကျင်းပရခြင်းဖြစ်ပါကြောင်း။

စာမျက်နှာ ၇ သို့

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များဆက်ကပ်လှူဒါန်းအပ်နှင်းပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



စာမျက်နှာ ၆ မှ

ယခု ၂၀၀၄ခုနှစ်တွင် သံဃာတော် အရှင်မြတ် ၂၆၁ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း၍ သီလရှင်ဆရာကြီး ၂၄ပါးနှင့် လူပုဂ္ဂိုလ်အမျိုးသား ၂၈ဦး၊ အမျိုးသမီး ၂၂ဦးတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းမည် ဖြစ်ပါကြောင်း။

ယခုအခါ ကျက်သရေမင်္ဂလာ အပေါင်းနှင့်ပြည့်စုံသော ကောင်းမြတ်သည့်အချိန်အခါဆိုက်ရောက်ပြီဖြစ်ပါသောကြောင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနားကြီး ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းဖြင့် အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားကာ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

သီလဆောက်တည်

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာအောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသက ငါးပါးသီလချီးမြှင့်တော်မူရာ ညွှေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဘွဲ့တံဆိပ်တော်ဆက်ကပ်

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သဒ္ဓနောမဲဘောင်ကျောင်း ဆရာတော် ဘဒ္ဒန္တကုဏ္ဍိယတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဒီပ၊ ပဲခူးတိုင်း သာယာဝတီမြို့နယ် သုံးဆယ်မြို့ မဟာထူပါရုံ စာသင်တိုက်ကြီးနှင့် မဟာထူပါရုံ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန်ဒယကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသဇ္ဇနာဘိဝံသ၊ ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမ ဈေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဩဘာသဘိဝံသနှင့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါသိုကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂိယနှင့် ကရင်ပြည်နယ် ဘားအံမြို့ ပရိယတ္တိစာသင်တိုက် သောဘနာဝါသကျောင်းဆရာတော် ဘဒ္ဒန္တသောဘနတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော ရခိုင်ပြည်နယ် ဂွမြို့နယ် ဆပ်သွားအလယ်ရွာ ပရိယတ္တိပါရဂူစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂန္ဓမာနန္ဒနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ထုံးဘိုရပ် ဇမ္ဗူမင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိန္ဒတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကိုဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဇေယျတိလကာရာမ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဘောယာဂမဝိမလသီရိ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဝံသ၊ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တရဋ္ဌသာရ၊ ဧရာဝတီတိုင်း ပုသိမ်မြို့ ဟံသာဝတီကျောင်း ဆရာတော် ဘဒ္ဒန္တကေသဝနှင့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သီတာအေးရပ် မူလဆီးဘန်နီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော ပဲခူးတိုင်း(အနောက်) အုတ်ဖိုမြို့ ဝါဆိုဦး ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တအရိယဝံသ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မူးရစ်ကြီးရွာ သစ္စာဝါဒီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒသာမိ၊ ရန်ကုန်တိုင်း လှည်းကူးမြို့ အနောက်မင်းလမ်း ရတနာ့ဗိမာန် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ငုက္ခလေးရွာ ငုက္ခလေးကျောင်း ဆရာတော် ဘဒ္ဒန္တဝိလာသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကိုဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော မကွေးတိုင်း ရေစကြိုမြို့ အောင်မြေသာယာဝန်မင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ၊ပဲခူးတိုင်း(အရှေ့) ဖြူးမြို့ မင်းကျောင်း ဆရာတော် ဘဒ္ဒန္တဝဇီရဉာဏ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ အရှေ့လယ်တီတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၊ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စစ်ကိုင်းစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒနှင့် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်

စာမျက်နှာ ၈ ကော်လံ ၁ သို့

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လူပုဂ္ဂိုလ်(အမျိုးသား)များအား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်၊ သာသနာပြုဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကိုအပ်နှင်းစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (မြန်မာ့အလင်း)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကိုအပ်နှင်းစဉ်။ (မြန်မာ့အလင်း)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကိုအပ်နှင်းစဉ်။ (မြန်မာ့အလင်း)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကိုအပ်နှင်းစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲတွင် ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)



သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ကိုးလုံးကွင်းဓမ္မာရုံ ပရိယတ္တိစာသင်တိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တအာဒိစ္စ၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကန်ဦးဇေတဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒသာမီဘိဝံသနှင့် ရန်ကုန်တိုင်း တာမွေမြို့နယ် အလိုတော်ပြည့်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအရိယဝံသတို့အားလည်းကောင်း၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် ဆိုင်းလျှံတောင်တန်း ဝမ်ခုံကျေးရွာ ဝမ်ခုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဘောဂနှင့် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာ မြင်းတင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒိမာတို့အား လည်းကောင်း

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ရှင်းမြို့ မြူနီစီပယ်ဒေသ Sisatthanak ခရိုင် ဆိုင်ယမ်ဖုန်းကျောင်း ဆရာတော် Ven. Noi Sangvalo၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့ ဘုရားကျောင်းလမ်း၊ စစ်တကောင်း ဗုဒ္ဓဘာသာကျောင်း ဆရာတော် Ven. Dhamasen Mahathero၊ စစ်ကိုင်းတိုင်း ကလေးမြို့ အောင်မင်္ဂလာရပ်ကွက် စကားလှဓမ္မာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မပါလ၊ ကရင်ပြည်နယ် ဘားအံ မြို့နယ် အမှတ်(၆)ရပ်ကွက် ဇမ္ဗူမြိုင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယနှင့် ပဲခူးတိုင်း(အနောက်) ပြည်မြို့ ဆင်စုရပ်ကွက် ထားဝယ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒိမာစာရတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ

စာမျက်နှာ ၇ မှ

တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ဒါန်ကျေးရွာ ကော့ဒါန်သာသနရက္ခိတကျောင်း ဆရာတော် ဘဒ္ဒန္တဇာဂရ၊ စစ်ကိုင်းတိုင်း ပင်လယ်ဘူးမြို့နယ် မြစေတီကျေးရွာ ဒက္ခိဏာရာမကျောင်းဆရာတော် ဘဒ္ဒန္တဇနိတ၊ စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ် ညောင်ပင်သာကျေးရွာ ရွှေကျောင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၊ မကွေးတိုင်း စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ မြောက်ရွာတောကျေးရွာ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဝိဓဇနှင့် မန္တလေးတိုင်း နွားထိုးကြီးမြို့နယ် ဖလံကုန်းကျေးရွာ ဖလံကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဒါနဘွားရပ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တကေသဝ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ဘိုကုန်းရပ်၊ ပဲခူးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသီလာစာရနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ အင်ဒိုနီးရှားနိုင်ငံ မာလန်ဘာတူဒေသ ထေရဝါဒ ဗုဒ္ဓသာသနာဘုန်းတော်ကြီးကျောင်း ဆရာတော် Ven.Rhantidharo Thero Padepokan Dhamm Atipa တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိဟသူရတင်အောင်မြင့်ဦးက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်း ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများလောင်းလှူပွဲတွင် ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးတို့က ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲတွင် ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများလောင်းလှူပွဲတွင် ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော မန္တလေးတိုင်း တောင်သာမြို့နယ် သာသနာ့မူလိကာရာမကျောင်းသစ် စာသင်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အနောက်ပိုင်းရပ်ကွက် နဂါးပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသ၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်တောရ စံပြကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်

မူကြသော ရန်ကုန်တိုင်း သာကေတမြို့နယ်(၇)အနောက်ရပ်ကွက်ရောဝဏ်လမ်း မူလကျောက်ချောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ရှင်းမြူနီစီပယ်ဒေသ Xieng Yena Natharan ကျောင်းတိုက် ဆရာတော် Ven. Kao Buddhavong၊ ပဲခူးတိုင်း

(အရှေ့) သနပ်ပင်မြို့ ဘုရားကြီးပိုင်းရပ်ကွက် ဓမ္မိကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ၊ ပဲခူးတိုင်း (အရှေ့) ညောင်လေးပင်မြို့နယ် မဒေါက်မြို့ မြို့မ(၁)ရပ်ကွက် မဟာပဏ္ဍိတာဘိဝံသ အင်းချောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလာစာရ၊ တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ပန်းတင့်အင်းကျေးရွာ ဒက္ခိဏာရုံ

ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒမာလာနှင့်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်မှ ဘဒ္ဒန္တဉာဏိဿရတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်း

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော

ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ပဲခူးတိုင်း(အနောက်) ပြည်မြို့ ရွာဘဲရပ်ကွက် ရွှေညောင်ပင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ရခိုင်ပြည်နယ် စစ်တွေမြို့ ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစန္ဒ၊ နီပေါနိုင်ငံ လုမ္ဗိနီဖွံ့ဖြိုးရေးဒေသ ဗုဒ္ဓဝိဟာရကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလာနန္ဒ၊ ကချင်ပြည်နယ်

မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက် ပရဟိတကျောင်း ဆရာတော် ဘဒ္ဒန္တနာရနှင့် မကွေးတိုင်း ပခုက္ကူမြို့ အမှတ်(၁၀)ရပ်ကွက် မဟာ ဝိသုတာရာမ(အလယ်တိုက်) ဆရာတော် ဘဒ္ဒန္တ ဝိစာရတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင် အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျွန်းကုန်းမြို့ ဇေယျဝတီ အနောက်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဏဝံသ၊ တနင်္သာရီတိုင်း ထားဝယ်မြို့ တလိုင်းတောင်ကျေးရွာ ဥယျာလင်္ကာရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာ ကျောင်းသစ်ကျောင်း(ကလျာဏမိတ္တ) ဆရာတော် ဘဒ္ဒန္တကလျာဏ၊ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ထန်းပင်ကျေးရွာ ထန်းပင်တိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တသုမနနှင့် အိန္ဒိယသမ္မတနိုင်ငံ ဘီဟာပြည်နယ် ဗုဒ္ဓဂယာအပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာန်းရိပ်သာ ဆရာတော် Ven. Dr. Rastrapai Mahathera တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပဲရင်းတောင်ကျေးရွာ ရွှေယဉ်တောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအရိယဝံသ၊ မန္တလေးတိုင်း မိုးကုတ်မြို့ သတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုနန္ဒ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မဟာမြတ်မုနိပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညာသာမိ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက် ရတနာဗိမာန်ထူပါရုံ ရွှေကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသနှင့် မကွေးတိုင်း ပေါက်မြို့နယ် ပျဉ်းချောင်းကျေးရွာ မင်္ဂလာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမင်္ဂလတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော စစ်ကိုင်းတိုင်းမြောင်မြို့နယ် သာထွန်းကျေးရွာ မင်္ဂလာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တရ၊ ပဲခူးတိုင်း(အရှေ့) ဒိုက်ဦးမြို့ အမှတ်(၅) ရပ်ကွက် ကန်တော်မင်္ဂလာ ပရဟိတကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကလျာဏ၊ ပဲခူးတိုင်း(အနောက်) သဲကုန်းမြို့နယ် သန္ဓေပင်အုပ်စု ဆင်မြီးဆွဲမြို့ ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တဇာဂရ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်ဆရာတော်ဘဒ္ဒန္တရာဇဓမ္မာဘိဝံသနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် စစ်ကိုင်းတောင်ရိုး ဝါးချက်ကျေးရွာ မဟာဝိဇယရံသီစာသင်တိုက်နှင့် မဟာအတုလရံသီ ဓမ္မရိပ်သာကျစွာချောင် ဆရာတော် ဘဒ္ဒန္တလက္ခဏတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော မကွေးတိုင်း ဆင်ပေါင်ဝဲမြို့ အမှတ်(၃)ရပ်ကွက် ကျောက်မော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မပီယ၊ ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၁၁)ရပ်ကွက် အနောက်အုတ်ကျင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မသာမိ၊ မွန်ပြည်နယ် သထုံမြို့နယ် နန်းလဲရပ်ကွက် ရုံးကြီးလမ်း ပုဗ္ဗာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တခေမာစာရ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ရွှေသမားရပ်ကွက် ရွှေသမားကျောင်းတိုက် သောဘိတာရာမ အမှတ်(၁) အခမဲ့ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တကောသလ္လာဘိဝံသနှင့် ချင်းပြည်နယ် မင်းတပ်မြို့ အနောက်ရပ်ကွက် တောင်ပုလုပရိယတ္တိ၊ ပဋိပတ္တိတိုက်ခွဲဆရာတော် ဘဒ္ဒန္တ ပညာသီရိတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ပဲခူးတိုင်း(အနောက်) ကြို့ပင်ကောက်မြို့ ရွာမမြောက်ရပ်ကွက် ဇောတိရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါယမ၊ မန္တလေးတိုင်း မြင်းခြံမြို့နယ် အမှတ်(၁၂)ရပ်ကွက် တန်ဆောင်းကြီးကျောင်းတိုက် ဓမ္မဒီပကျောင်း ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ၊ ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် (၆/၁၀)ရပ်ကွက် ရွှေဘုန်းရှိန်လမ်း သုခိတာရာမတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာစက္က၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ဟမ်းဆီးကျေးရွာ ဟမ်းဆီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုန္ဒဝံသဓဇနှင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ချိကယ်ရွာ ကန္ဒရဝတီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကလျာဏတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အား လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အား လည်းကောင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အား လည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အားလည်းကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အားလည်းကောင်း၊ တရားသူကြီးချုပ် ဦးအောင်တိုးက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးနှင့်မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးတို့အားလည်းကောင်း၊ ရှေ့နေချုပ် ဦးအေးမောင်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အားလည်းကောင်း၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အား လည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးနှင့် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် တစ်ပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါးနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါးတို့အားလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ခင်မောင်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခုနစ်ပါးတို့အားလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ရှစ်ပါးတို့အား လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အားလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဥာဏ်ထွန်းအောင်က မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ခုနစ်ပါးတို့အား လည်းကောင်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးနှင့် ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးတို့အား လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခုနစ်ပါးတို့အား

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးတို့က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူပွဲတွင် ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲတွင် ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီးတို့က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲတွင် ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က လူပုဂ္ဂိုလ်(အမျိုးသမီး)များအား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီးဒေါ်မြမြစန်းက စာချဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေက စာချဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က စာချဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်က စာချဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ရဆရာတော်တစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ရ ဆရာတော် နှစ်ပါးနှင့် ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးတို့အားလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ခုနစ်ပါးတို့အားလည်းကောင်း၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးက ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ခုနစ်ပါးတို့အားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် လေးပါးတို့အားလည်းကောင်း၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကိုအသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စာချဘွဲ့တံဆိပ်နှင့် သာသနာပြု ဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင်က စာချဘွဲ့တံဆိပ်တော်များ ဆက်ကပ်ရာတွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ ရရှိကြသော စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စိတ္တသုခချောင်ဆရာကြီး ဒေါ်သု မာလာ၊ မကွေးတိုင်း မကွေးမြို့ ခေမာသီရိစာသင်တိုက်မှ ဆရာကြီး ဒေါ်ကာရုဏိကာ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ခေမေသကချောင်မှ ဆရာကြီး ဒေါ်ဝဏ္ဏောသီ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ အေးသီတာချောင်မှ ဆရာကြီးဒေါ်နိမလဉာဏီနှင့် မဟာကန္ထဝါစကပဏ္ဍိတဘွဲ့ရ မကွေးတိုင်း မကွေးမြို့ သီရိစန္ဒာရုံ သီလရှင်စာသင်တိုက်မှ ဆရာကြီး ဒေါ်စန္ဒာရီတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကိုဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းက မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရရှိကြသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သမိဒ္ဓေါဒယ မော်လမြိုင်သီလရှင်ကျောင်းမှ ဆရာကြီးဒေါ်ဉာဏောဘာသီ၊ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ သီရိမဟာမြိုင်ပရိယတ္တိသီလရှင်စာသင်ကျောင်းမှ ဆရာကြီးဒေါ်မာလာရီ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့ သီရိဇေယျာစာသင်တိုက်မှ ဆရာကြီးဒေါ်သာရမတီ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ခေမာသီရိသီလရှင်ကျောင်းမှဆရာကြီးဒေါ်ဉာဏဝတီနှင့် စစ်ကိုင်းတိုင်း မုံရွာမြို့သာသနာ့မဏ္ဍိုင်မာမြိုင် သီလရှင်စာသင်တိုက်မှ ဆရာကြီးဒေါ်သုစာရီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ် လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေက မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရရှိကြသော မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ဓမ္မဝိဟာရီ သီလရှင်စာသင်တိုက်မှ ဆရာကြီး ဒေါ်ခေမာစာရီ၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် သာသနာ့မဏ္ဍိုင်ရီကျောင်းမှ ဆရာကြီး ဒေါ်သုဓမ္မစာရီ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရရှိကြသော နီပေါနိုင်ငံ လာလစ်ပူးမြို့ သကျသီဟကျောင်းမှ သီလရှင်ဆရာကြီး အနုဝါရိကဉာဏသီလနှင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်းဆံတော်ရှင် ဘုရားကြီးကျောင်းရူပဝတီဆောင်မှ သီလရှင်ဆရာကြီး ဒေါ်ရူပသီဂိ၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့ရရှိသည့် ကရင်ပြည်နယ် မြဝတီမြို့ ဇေယျာသီဂိချောင် သီလရှင်ကျောင်းတိုက်မှသီလရှင်ဆရာကြီးဒေါ်ကေဝလတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က ဂန္ထဝါစကပဏ္ဍိတဘွဲ့ ရရှိကြသည့် ရန်ကုန်တိုင်း လှိုင်မြို့နယ် တြိရတနာ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပညာသီဂိ၊ ပဲခူးတိုင်း(အရှေ့)ညောင်လေးပင်မြို့သမိဒ္ဓေါဒယ ဓမ္မဇောတိကာရုံကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ကဥ္စနရုံသီ၊ မန္တလေးတိုင်း အောင်မြေသာစံ မြို့နယ် ဇိနောဒယ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဥတ္တရဝတီ ပဲခူးတိုင်း (အရှေ့) တောင်ငူမြို့ ဓမ္မာရုံ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးဒေါ်သုစန္ဒာနှင့်မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် သမ္ဗုဒ္ဓေချောင် သဒ္ဓမ္မပါလစာသင်တိုက်မှ သီလရှင်ဆရာကြီးဒေါ်ရူပသီဂိတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်က ဂန္ထဝါစကပဏ္ဍိတဘွဲ့ရရှိကြသောမန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အနီဃာ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်အာယုဉာဏီနှင့် မကွေးတိုင်း ဆောမြို့ ပဥ္စာရာမ သီလရှင်ကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဝံသစာရီ၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရရှိကြသည့် မကွေးတိုင်း ရေစကြိုမြို့ စိတ္တသုခရပ်ကွက် ခေမာသီရိ သီလရှင် စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်မိရဉာဏီနှင့် ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် ကုလဝိသေသီ သီလရှင် စာသင်တိုက် မှ သီလရှင်ဆရာကြီး ဒေါ်ဣန္ဒရီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍လူပုဂ္ဂိုလ်(အမျိုးသား)များအား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် သာသနာပြုဘွဲ့တံဆိပ်များကို အပ်နှင်းရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရရှိကြသည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် အနော်ရထာလမ်း အမှတ်(၃၄)နေ ဦးထွန်းထွန်း၊

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြင်သစ်မှ မဂ္ဂဇင်းထုတ်ဝေသူအားလက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြင်သစ်သမ္မတနိုင်ငံမှ Faits°& Projets Magazineထုတ်ဝေသူ Ms. Delphine Evmoonအား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ ပါဝင်စစ်ရေးပြကြမည့်စစ်ကြောင်းကြီးများတည်းခိုရာ စခန်းအသီးသီး၌ အငြိမ့်၊ စင်တင်တေးနှင့် ရုပ်ရှင်များဖြင့်ဖျော်ဖြေ

ရန်ကုန် မတ် ၅

(၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများတည်းခိုရာစခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် အမှတ်(၂)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ မြဝတီ စင်တင်တေးဂီတအဖွဲ့နှင့် နယ်မြေခံ တပ်ရင်းများက ရုပ်ရှင်များဖြင့် ယမန်နေ့ည ၇ နာရီတွင် ဖျော်ဖြေကြသည်။

ထိုသို့ဖျော်ဖြေရာတွင် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)ရှိအနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျ စစ်ကြောင်းတို့၌ တပ်မတော်ရုပ်မြင် သံကြားထုတ်လွှင့်ရေးတပ် စင်တင် တေးဂီတအဖွဲ့နှင့်အတူ စတူဒီယို တေးသံရှင်များက လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မြဝတီ စစ်ကြောင်းနှင့် ကျန်စစ်သား စစ်ကြောင်းတို့၌ အမှတ်(၂)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲဖျော်ဖြေရေး အဖွဲ့ကအငြိမ့်၊ အဆို၊ အက၊ ဟာသများဖြင့်လည်းကောင်း၊ တပ်မတော် အရိုးကုဆေးရုံခုတင်(၅၀၀)ရှိ ဗန္ဓုလ စစ်ကြောင်း၌ အမှတ်(၂)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲအဖွဲ့ငယ်က အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့် လည်းကောင်း၊ ဧရာဝတီရေတပ်စခန်း ဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ "မောဟမျဉ်းပြိုင်များ" မြန်မာရုပ်ရှင် ဇာတ်ကားဖြင့်လည်းကောင်း၊ မင်္ဂလာဒုံ တပ်နယ်ရှိ ဆင်ဖြူရှင်စစ်ကြောင်း၌ "အဖေ့နေရာ" မြန်မာရုပ်ရှင် ဇာတ်ကားဖြင့် လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

အာဆီယံရေဒီယို ဉာဏ်စမ်းပဟေဠိဆုချီးမြှင့်

ရန်ကုန် မတ် ၅

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်း သိကောင်းစရာများအတွက် အာဆီယံ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကို မတ်၄ရက် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အသံလွှင့်ဌာနခွဲ၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြသည်။

ဖြေဆိုသူများအနက် ပထမဆုကို ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်မှမဇင်မာလွင်၊ ဒုတိယဆုကိုမကွေးတိုင်း မင်းဘူးမြို့မှ မောင်ဇော်ဝင်းခေါင်၊ တတိယဆုကိုရန်ကုန်တိုင်းသာကေတ မြို့နယ်မှ မောင်အောင်ကျော်ဦးနှင့် နှစ်သိမ့်ဆုကို ဧရာဝတီတိုင်း ဟင်္သာတ မြို့မှမောင်သာယာအောင်တို့က အသီးသီး ရရှိကြပြီး ဆုများကိုတာဝန်ရှိသူများက ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ အမျိုးသမီးများနေ့

၂၀၀၄ ခုနှစ်၊ မတ်လ ၈ ရက်

International Women's Day

8th March 2004

မြဝတီရုပ်မြင်သံကြား

၆-၃-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုမြနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဆရာတော် ဦးဃောသိတ တရားတော် "သောတာပန်စိတ်ထား အင်္ဂါ ၇ ပါး"

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀	၇။	မြန်မာသံစဉ်ချိုမြနားဝင်
၄:၅၀	၈။	မျိုးချစ်တပ်မတော်
၅:၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Business environment (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀	၁၀။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	မြန်မာ့ရှုခင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာဖူး၊ မယ့်ရွှေနဖူးစာ"** (အပိုင်း-၁၂)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ဆောင်မှု
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"**(အပိုင်း-၃၅)

တပ်မတော်နေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲဆုရရှိသူများ

ရန်ကုန် မတ် ၅

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီကကျင်းပသော "နိုင်ငံအကျိုးကို သက်စွန့်ကြိုးပမ်းသယ်ပိုးနေသောတပ်မတော်"ခေါင်းစဉ်ဖြင့် ဆောင်းပါး ပြိုင်ပွဲမှ ဆုရရှိသူများ၏အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

ဆောင်းပါးပြိုင်ပွဲတွင် စစ်တက္ကသိုလ် ပြင်ဦးလွင်မှ မောင်မျိုးအောင် (ပန်းဧရာ)က ပထမ၊ တောင်ကြီးမှ ဒေါ်ခင်အုန်းမြင့်က ဒုတိယ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သပြေနုက တတိယ၊ သိန်းနီမြို့မှ သီဟန်သွေး (ထွေ/ဦးစီး)၊ မင်္ဂလာဒုံမှ မင်္ဂလာဒုံမျိုးအောင်၊ မကွေးမြို့မှ မောင်မောင်ဟန် (မကွေး)၊ ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး)မှ မင်းမြတ်မွန်နှင့် မကွေးမြို့မှ ကျော်ဇောလင်း(မကွေး)တို့က အထူးဆုများ အသီးသီး ရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် မတ်လ ၂၇ ရက် (တပ်မတော်နေ့) ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများတက်ရောက်ယူရမည်ဖြစ်သည်။ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ဦးကိုကိုထွေး အတွင်းရေးမှူး စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ မတ် ၂၄ ရက်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်သတင်းပို့ကြရမည်ဖြစ်သည်။ **(သတင်းစဉ်)**

သွေးဆေးကန်ဆရာတော် မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မတ် ၅

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယဖြစ်သော သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ (**B.Sc ,Phy**)သည် မတ် ၁၆ ရက်မှ ၂၂ ရက် (တပေါင်းလပြည့်ကျော် ၁၁ ရက်မှ တန်ခူးလဆန်း ၂ရက်) နေ့အထိ မိုးညိုမြို့ မိုးကုတ်ရိပ်သာ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

မြန်မာပြည်တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာပြည်တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို မတ် ၈ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၃၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၄၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၅၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၆၀)အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ မတ် ၇ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● ကျော်ဖုံးမှ

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပဲခူးတိုင်း ပဲခူးမြို့ ကျက်သရေဆောင် တမ္ပလောဟမဟာမုနိ ရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးမည့် ထေရဝါဒဂန္ဓကုဋိတိုက် ကျောင်းတော်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရတနာအုတ်မြစ်တော်စီ

ထို့နောက် ပဲခူးတိုင်း ပဲခူးမြို့ ကျက်သရေဆောင် တမ္ပလောဟမဟာမုနိရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးမည့်ထေရဝါဒဂန္ဓကုဋိတိုက်ကျောင်းတော်ကြီးရတနာပန္နက်တော်တင်ခြင်းနှင့် ရတနာအုတ်မြစ်တော်စီမင်္ဂလာ များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ တပည့် ဒါယကာ ဒါယိကာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပေးကြသည်။

ကိုးပါးသီလခံယူ

ထို့နောက်ပဲခူးမြို့ ဓမ္မာလင်္ကာရကျောင်းတိုက်ဆရာတော် အဘိဓဇ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပဲခူးမြို့ ပန်းလှိုင်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသနက အနုမောဒနာတရားဟောကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပန္နက်တော်တင်နှင့် အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ပဲခူးတိုင်း ပဲခူးမြို့ ကျက်သရေဆောင် တမ္ပလောဟမဟာမုနိ ရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးမည့် ထေရဝါဒဂန္ဓကုဋိတိုက် ကျောင်းတော်ကြီး ရတနာပန္နက်တော်တင်ခြင်းနှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

အခမ်းအနားကို နံနက် ၇ နာရီခွဲတွင် အဆိုပါဂန္ဓကုဋိတိုက်တည်ထားမည့်နေရာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရတနာပန္နက်တော်တင်ပြီး ရတနာအုတ်မြစ်တော်ကိုစီသည်။

မင်္ဂလာအခမ်းအနားသို့ ပဲခူးမြို့ ဓမ္မာလင်္ကာရကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုဒ္ဓ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုဒ္ဓထံမှ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာပန္နက်တော်၊ ရတနာကြုတ်တော်၊ ရတနာရွှေအိုးတော်တို့ကို လည်းကောင်း၊ လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဓမ္မာလင်္ကာရဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓအား ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာပန္နက်တိုင်ကို အုတ်မြစ်တော်အလယ်ဗဟိုပန္နက်တော်နေရာ၌ စိုက်ထူသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများက ရတနာပန္နက်တိုင်များကို သတ်မှတ်နေရာအသီးသီး၌စိုက်ထူကြသည်။

ရတနာကြုတ်တော်မြှုပ်နှံ

ဆက်လက်၍ ရတနာအုတ်မြစ်တော်စီ မင်္ဂလာအစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာကြုတ်တော်ကို အုတ်မြစ်တော် အလယ်ဗဟိုတွင် ထည့်သွင်းမြှုပ်နှံသည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ပဲခူးမြို့ ကျက်သရေဆောင် တမ္ပလောဟမဟာမုနိရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးမည့် ထေရဝါဒဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး ရတနာပန္နက်တော်တင်ခြင်းနှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် ဓမ္မာလင်္ကာရဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဓမ္မာလင်္ကာရ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓက ရတနာမျိုးစုံရွှေအိုးကို အုတ်မြစ်တော်၌ ထည့်သွင်းမြှုပ်နှံသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီးများက ရတနာအုတ်များကိုသတ်မှတ် အစီအစဉ်အတိုင်း စီကြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာကမ္ဗည်းကြေးပြားကို အုတ်မြစ်တော်အားဖုံးအုပ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ထိုအချိန်တွင် ဆရာတော်သံဃာတော်တို့က ဇယမင်္ဂလာဗောဓိယာမူလေ အစရှိသော ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဓမ္မာလင်္ကာရ ဗုဒ္ဓရက္ခိတ ကျောင်းတော်၌ ဓမ္မာလင်္ကာရ ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓအား ပူဇော်ကန်တော့ကြသည်။

ပူဇော်ကန်တော့

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ မြသာလျောင်း ရုပ်ပွားတော်မြတ်ကြီး တည်ထားသည့် လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပူဇော်ကန်တော့ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြန်မာမှု ပညာရှင်များက မြသာလျောင်းရုပ်ပွားတော်မြတ်ကြီးတည်ထားသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ရုပ်ပွားတော်မြတ်ကြီး တင့်တယ်သပ္ပာယ် ကြည်ညိုဖွယ်ဖြစ်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရုပ်ပွားတော်ပရဝဏ် အတွင်းရှိ ဗောဓိပင်အား ရေသွန်းလောင်းပူဇော်ကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၆-၃-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅ ၇။ အဆိုပြိုင်ပွဲ
၈:၁၅ ၈။ ကျောက်ကြီးပေါက်တံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၅၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ "နက်ရှိုင်းမေတ္တာ" (အပိုင်း-၂၄)
၁၄:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၃၅ ၈။ "သစ်ကောင်းတစ်ပင်" (နဒီစိုး၊ ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂျွန်) (ဒါရိုက်တာ-မိုးထက်လူ၊ သစ်တော)
၁၄:၅၅ ၉။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use.
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြု အားလုံး) [ဓာတုဗေဒ]
၁၇:၁၀ ၆။ အကပဒေသာ
၁၇:၂၅ ၇။ တေးဂီတအစီအစဉ်
၁၇:၄၀ ၈။ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၁၇:၅၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၁၅ ၁၀။ စားကြမယ်ဟော့ကောင်းကောင်း
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ Discovery.
၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၂၄)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **"အပြစ်လို့မယူခဲ့ပါ"** (အပိုင်း-၁) (ဒွေး၊ နေအောင်၊ နန္ဒာလှိုင်၊ နွေးနွေးလှိုင်) (ဒါရိုက်တာ-ကိုဇော်၊ အရဏ်ဦး)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

စနစ်ကျသည့်ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ခြင်း မြန်မာနိုင်ငံ၌ပထမဆုံးဖြစ်ပြီး မြန်မာပညာရှင်များဖြင့်တာဝန်ယူဆောင်ရွက်နေ

ရန်ကုန် မတ် ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့ နံနက်စနာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း၌ တည်ဆောက်လျက်ရှိသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အမှတ်(၂) စက်မှုဝန်ကြီး ဌာနဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ဖေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများအား ရှေးဦးစွာ စီမံကိန်း ရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းက ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းက ရေဆိုးသန့်စင်စက်ရုံ၏ အကျယ်အဝန်း၊ ရေဆိုးသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ စက်ရုံအတွက် စက်ပစ္စည်းများရရှိရေး စီစဉ်ဆောင်ရွက်ထားမှုများ၊ စီမံကိန်း လုပ်ငန်းများဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အတွင်းရေးမှူး(၁)မှာကြား

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)အား တာဝန်ရှိသူများက ရေဆိုးသန့်စင်စက်ရုံပုံစံငယ်နှင့် ရေဆိုးသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရေဆိုး သန့်စင်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စနစ်တကျစွန့်ပစ်

ယခင်က ရန်ကုန်မြို့တော် လူထုစွန့်ပစ်သည့် ရေဆိုးများကို ပြုပြင်သန့်စင်မှုမရှိဘဲ ရန်ကုန်မြစ်အတွင်းသို့ တိုက်ရိုက်စွန့်ပစ်သည့် စနစ်အစား ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်၍ ရေဆိုးများကို စနစ်တကျ သန့်စင်ပြီးမှ စွန့်ပစ်သည့် စနစ်ကို ကျင့်သုံးနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်း ဖြစ်သည်။

စနစ်ကျသည့်ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ခြင်းမှာ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ဖြစ်ပြီး မြန်မာပညာရှင်များ၊ အင်ဂျင်နီယာများ ကိုယ်တိုင် စက်ရုံပုံစံ ထုတ်လုပ်မှုမှအစ စက်ပစ္စည်းကိရိယာများ တပ်ဆင်၍ လည်ပတ်နိုင်သည်အထိ လုပ်ငန်းအဆင့်ဆင့်ကို တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်သည်။

(သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း၌ တည်ဆောက်လျက်ရှိသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်း ရေဆိုးသန့်စင်စက်ရုံ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း၌ တည်ဆောက်လျက်ရှိသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်းတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျွန်းကုန်းမိုးကုတ်ရိပ်သာ ဒုလ္လဘရဟန်းခံပွဲနှင့် ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၅

ပဲခူးတိုင်း သာယာဝတီခရိုင် အုတ်ဖိုမြို့ ကျွန်းကုန်း မိုးကုတ်ဝိပဿနာ အမြဲတမ်း တရားစခန်းရိပ်သာကြီးတွင် ဒုလ္လဘရဟန်းခံပွဲကို တပေါင်းလပြည့်ကျော် ၈ ရက်တွင် ကျင်းပပြီး အထူးတရားစခန်းပွဲကို မတ်၁၄ ရက်မှ ၂၀ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ် ဓမ္မကထိက သဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ ဆရာကြီးဦးမြင့်ဆွေက ဟောဖော်ညွှန်ပြကျေးဇူးဆပ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ မိုးကုတ်ယောဂီများနှင့် ရဟန်းခံလိုသူများဖုန်း–၀၅၃–၃၀၄၃၂ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် မတ် ၅

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်း၌ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားသည်။ ယခုအခါ ချင်းတွင်းမြစ်ရေ ကျဆင်းလာသဖြင့် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို မတ် ၈ ရက်မှစ၍ ရေလယ်တိုင်အမှတ်(၂) နှင့်(၃)အကြားရေကြောင်းတစ်ပေါက်တည်းမှ အစုန်အဆန်လမ်းအဖြစ် သတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲဖွင့်လှစ်မည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိပြီး ကင်းလွတ်အမြင့်မှာ ပေ ၄၀ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခု အကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာ၌ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညောင်ရိပ်သာအဓိဋ္ဌာန်တရားစခန်းနှင့် ဒုလ္လဘဝတ်ပွဲ

ရန်ကုန် မတ် ၅

သာကေတမြို့ ကျက်သရေဆောင် ၁၀၈တောင် စွယ်တော်ရှင်ဘုရားကြီးအနီးလေးထပ်ဓမ္မဗိမာန်နှင့် ငါးထပ် သဒ္ဓမ္မဇယန္တဗောဓိ ကောင်းကင်ပါသာဒသိမ်တည်ရှိရာ ညောင်ရိပ်သာ တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏(ကာယာနုပဿနာနှင့်ဓာတုမနသိကာရ)နည်းအရ ပဓာနနာယက အရှင်ကေသရာဘိဝံသ ဆရာတော်က သင်္ကြန်အကြို မတ် ၁၉ ရက်မှစ၍ ၂၇ရက်အထိ တစ်ကြိမ်၊ သင်္ကြန်အတွင်း ဧပြီ ၉ ရက်မှ ၁၇ ရက်အထိတစ်ကြိမ် ကိုးရက်အဓိဋ္ဌာန်တရားစခန်းကို ဟောပြောပြသမည်ဖြစ်၍ ဒုလ္လဘရဟန်းခံရှင်ပြု၊ သာသနာ့နွယ်ဝင်သီလရှင်ဝတ်၍ တရားစခန်းဝင်လိုသူများနှင့်ယောဂီများသည် ဖုန်း–၅၄၇၀၂၅ သို့ ဆက်သွယ် ဝင်ရောက်လှူဒါန်းပါဝင်နိုင်ကြောင်း သိရသည်။ (က–ပ)

လာရောက်တွေ့ဆုံ

မတ် ၅ ရက်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်အား ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး Mr. Sontaya Kunplome နှင့် အဖွဲ့က ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(ဟိုတယ်/ခရီး)

စာမျက်နှာ ၁၀ မှ

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ပါရမီ ရိပ်သာ ဇီဇဝါလမ်း အမှတ်၁၅နေ ဦးစောမြင့်၊ ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် မင်းကျောင်းလမ်း ခြံအမှတ် ၂၅ နေ ဦးစိုးမြင့် (ခ) ဒူး ရင်းသီး ဦးစိုးမြင့်၊ ရန်ကုန်တိုင်း လှိုင် မြို့နယ် ၁၂ ရပ်ကွက် ပါရမီလမ်း အမှတ် ၅ (ဇ-ဈ) နေ ဦးသန်းလှ (တီကြား) နှင့် ရန်ကုန်တိုင်း ကျောက် တံတားမြို့နယ် အမှတ်(၆)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈လမ်း ထောင့် အမှတ် ၂၇၇ အာရှ ပလာဇာနေ ဦးမောင်မောင်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်း သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိကြသည့် မန္တလေးတိုင်း မိုးကုတ်မြို့နယ် အထက်လယ်ဦးရပ် ဆင်ဖြူရှင်လမ်း အမှတ် လ/ထ (၃၆)နေ ဦးဘဌေး၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မဟာ မြိုင်လမ်း ခြံအမှတ် ၃၁နေ ဦးသာ ဒင်၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၄ ရပ်ကွက် ကျိုက်ဝိုင်း ဘုရားလမ်း အမှတ် ၂၃၅/ဃ နေ ဦးဉာဏ်လွင် နှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း အမှတ် ၁၁၈ နေ ဦးသန်းနိုင် တို့ အားလည်းကောင်း၊ သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့ရ တနင်္သာရီတိုင်း ထားဝယ်မြို့ ကညွှ ရပ်ကွက် အလယ်လမ်း အမှတ် ၇၇နေ ဦးကင်းစိန်အားလည်းကောင်း ဘွဲ့ တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက သီဟ သုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိကြသည့် မန္တလေးတိုင်း ကျောက်ပန်းတောင်း မြို့နယ် အောင်မင်္ဂလာရပ်ကွက် မိတ္ထီလာလမ်းနေ ဦးအေးလွင်၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သံလွင် လမ်း ၉၉ /အက်ဖ် နေ ဦးချူသန်း နှင့် ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် (၂၀) ရပ်ကွက် ရွှေ ပေါက်ကံ မြို့သစ် မြင်စိုင်းလမ်း အမှတ် ၂၀၇ နေ ဦးအောင်ကြည်မြင့်တို့အား လည်း ကောင်း၊ သုဓမ္မမဏိဇောတဓရဘွဲ့ ရရှိကြသည့် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ရန်ကြီးအောင်လမ်းအမှတ်(၃)ရပ်ကွက် နေ ဦးဘိုကြီး(ခ)ဦးအောင်ငွေနှင့် မန္တလေးတိုင်း ပျော်ဘွယ်မြို့ ရွှေပြည် ရန်နိုင်ရပ်ကွက်နေ ဦးမြင့်စိုးတို့အား လည်းကောင်း ဘွဲ့တံဆိပ်နှင့်အဆောင် အယောင်တို့ကို အပ်နှင်းသည်။

အဆောင်အယောင်အပ်နှင်း

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက သုဓမ္မမဏိဇောတဓရဘွဲ့ ရရှိကြသည့် ရန်ကုန်တိုင်း အင်းစိန် မြို့နယ် ၁၀မိုင် ကျောင်းလမ်း အမှတ် (၈၇၀ - စီ)နေ ဦးတင်အောင်၊ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၄) ရပ်ကွက် ယုဇနလမ်း အမှတ် (၄- စီ/ဒီ) နေ ဦးဇေယျာသူရမွန်နှင့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၅) ရပ်ကွက်၊ ပညာဝတီရိပ်မွန် ပညာဝတီ လမ်း တိုက်(ဘီ) အခန်း ၄၀၂ နေ ဦးရဲထွန်းနိုင်တို့အားလည်းကောင်း၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် ရရှိကြသည့် မန္တလေးတိုင်း ချမ်းမြ သာစည်မြို့နယ် မြို့သစ်ရပ်ကွက် ၆၄ လမ်းနေ ဦးဘဆန်းနှင့် မန္တလေး တိုင်း ချမ်းအေးသာစံ မြို့နယ် ၃၁ X ၃၂လမ်းကြား (၈၂)လမ်း အမှတ် ၄၀ နေ ဦးမြင့်ဆွေတို့အား လည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင် တို့ကို အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရရှိကြသည့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက် ချယ်ရီလမ်း အမှတ် ၁၂၂ နေ ဦးဝင်းကြိုင်၊ ရန်ကုန်တိုင်း သာကေတ မြို့နယ် ၁၀ ရပ်ကွက် ရတနာပုံ ၁ လမ်း အမှတ် ၁၇ နေ ဦးမောင် မောင်လေး၊ ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် အေဝမ်းခြံ ဦးမောင်မောင်စိုး လမ်းသွယ် အမှတ် ၅၄ နေ ဦးတင့်လွင်၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မအူပင်လမ်း အမှတ် ၁၈ နေ ဦးစံတင် နှင့် ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် (စ) ရပ်ကွက် သုနန္ဒာ ၃ လမ်း၊ အမှတ် ၅၅ နေ ဦးကိုကိုမြိုင် (တက္ကသိုလ်သျှင်သီရိ)တို့အား ဘွဲ့ တံဆိပ်တော်နှင့် အဆောင်အယောင် တို့ကို အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်ရ ရန်ကုန် တိုင်း ဗိုလ်တထောင်မြို့နယ် ကမ်းနား လမ်း အမှတ် ၃၄၈ နေ ဦးသိန်းဇံ အားလည်းကောင်း၊ သဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်ရရှိကြသည့် စစ်ကိုင်း တိုင်း ကလေးမြို့ ညောင်ပင်သာ (၆)ရပ်ကွက်နေ ဦးဗိုလ်ကလေးနှင့် ရန်ကုန်တိုင်း လှိုင်မြို့နယ် ကမာရွတ် ဘူတာရုံလမ်း ပြည်ထောင်စုတိုင်းရင်း သား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ဦးဟန်မောင်တို့အား လည်းကောင်း ဘွဲ့တံဆိပ်နှင့်အဆောင် အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ လူပုဂ္ဂိုလ် (အမျိုး သမီး)များအား သာသနာနုဂ္ဂဟဘွဲ့ တံဆိပ်များအပ်နှင်းရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ရရှိကြသည့် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက် (၈၁x၈၂)လမ်းကြား တိုက်အမှတ် ၃၃ နေ ဒေါ်ဝင်းမေ၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် ကမ္ဘာအေးစေတီလမ်း အမှတ် ၃၉(ဂျီ)နေ ဒေါ်အေးအေးကြည် နှင့် ရန်ကုန်တိုင်း လသာမြို့နယ် (၄)ရပ်ကွက် ၁၉ လမ်း(အပေါ်လမ်း) အမှတ် ၁၅၄ နေ ဒေါ်နီတို့အား လည်းကောင်း၊ သီရိသုဓမ္မသိင်္ဂီ ဘွဲ့ရရှိ ကြသည့် ပဲခူးတိုင်း(အရှေ့) ပဲခူးမြို့ စိန်ထွန်းရပ် ရှင်စောပုလမ်း အမှတ် (၁)နေ ဒေါ်လှကြည်နှင့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ရဲမွန်တောင် (၄၂x၄၃)လမ်းကြား ၅၂ လမ်း (မ/ ၃၉၊၂၅+၂၆)နေ ဒေါက်တာ ခင်ခင် စိမ့် တို့အားလည်းကောင်း ဘွဲ့တံဆိပ် နှင့် အဆောင်အယောင်တို့ကို အပ်နှင်း သည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းက သီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ရန်ကုန် တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရား လမ်း အမှတ်(၁၀၆/၁၀၈)နေ ဒေါ်ခင် မြင့်မြင့်၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့ နယ် (၈)ရပ်ကွက် ဂန္ဓမာလမ်း အမှတ် ၃၈ နေ ဒေါ်တင်တင်ဝေ၊ ရန်ကုန် တိုင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင် ပွဲရုံ (၁)ရပ်ကွက် အသောကလမ်း အမှတ် ည/၂၇ နေ ဒေါ်ဝင်းဝင်းအေး (ခ)မကြီးနှင့် ရန်ကုန်တိုင်း အင်းစိန် မြို့နယ် နံ့သာကုန်းရပ်ကွက် သာယာ ကုန်းလမ်း အမှတ် ၆၃(ဒီ)နေ ဒေါ်ခင် မိမိလှိုင်တို့အားလည်းကောင်း၊ သီဟ သုဓမ္မသိင်္ဂီဘွဲ့ရ တနင်္သာရီတိုင်း မြိတ် မြို့နယ် ကုန်သည်လမ်း ကန်ကြီးရပ် အမှတ် ၈၇ နေ ဒေါ်တင်မြအား လည်းကောင်းဘွဲ့တံဆိပ်နှင့် အဆောင် အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက သီဟသုဓမ္မသိင်္ဂီ ဘွဲ့ရရှိကြသည့် တနင်္သာရီတိုင်း ထားဝယ်မြို့ ခုံဝင်းဒပ်ရပ်ကွက် ဈေး တောင်လမ်း အမှတ် ၁၀၂နေ ဒေါ်ခင်ဝင်း၊ မန္တလေးတိုင်း မဟာ အောင်မြေမြို့နယ် ဦးဘသာလမ်း ရှမ်း ပွဲရွှေဘုန်းရှိန်ရပ် အမှတ် ၆၅၃/၁၆ နေ ဒေါ်သွင်သွင်၊ မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂) ၅၁လမ်းနှင့် တပင်ရွှေထီးလမ်းထောင့် မြတ်ကျော်စက်မှုနေ ဒေါ်မြင့်မြင့်၊ မန္တလေးတိုင်း မိုးကုတ်မြို့နယ် သဒ္ဒတ် သျှိုကျေးရွာနေ ဒေါ်သန်းမြင့်နှင့် မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် မြို့သစ် (၁)ရပ်ကွက် ၆၈လမ်းနှင့် မိုး သောက်ပန်းလမ်းထောင့် အမှတ် မ-၂၄/၃(ဆ)နေ ဒေါ်အေးအေး မော်(ခ)ဒေါ်အေးအေးမွန်တို့အား ဘွဲ့ တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီးဒေါ်ခင်သန်းနွဲ့က သီဟ သုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် မန္တလေး တိုင်း အောင်မြေသာစံမြို့နယ် ၈၉လမ်း (၂၂ x၂၃လမ်းကြား)တိုက်အမှတ် ၂၁- ၂၈နေ ဒေါ်သန်းသန်းနွဲ့၊ မန္တလေး တိုင်း ပြည်ကြီးတံခွန်မြို့နယ် က- ရပ်ကွက် (၅၇-၅၈)လ/၆နေဒေါ်စန်း စန်းဌေး၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးစေတီလမ်း အမှတ် ၉၀နေ ဒေါ်ခင်သန်းမြင့်၊ ရန်ကုန်တိုင်း အလုံမြို့နယ် ဆင်မင်း ရပ်ကွက် ကမ်းနားလမ်း အမှတ် (၄) River View နေ ဒေါ်ငွေးညွန့်နှင့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံ ၁ရပ်ကွက် ပိတောက် လမ်း (ဆ/၅၆)နေ ဒေါ်ဝင်းဝင်းငွေး (ခ)မငယ်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်း သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင် လေးသက်က သုဓမ္မသိင်္ဂီဘွဲ့ရရှိကြ သည့် ရန်ကုန်တိုင်း ကြည့်မြင်တိုင် မြို့နယ် ပိတောက်ပင်အထက်လမ်း အမှတ် ၈၀နေ ဒေါ်ခင်စောနှင့် ဧရာဝတီတိုင်း မြောင်းမြမြို့ အမှတ် ၂ရပ်ကွက် ဦးဘချိုလမ်း အမှတ် ၃၂ နေ ဒေါ်သိန်းကျင်တို့အား ဘွဲ့တံဆိပ် နှင့် အဆောင်အယောင်တို့ကိုအပ်နှင်း သည်။

ယင်းနောက် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာ များကိုလျှောက်ထားရာတွင် သဗ္ဗညု ဘုရားရှင်သည် မဟာပရိ နိဗ္ဗာန်ဝင် စံကြွသွားခြင်းပြုတော်မမူမီ အရှင် အာနန္ဒာအား "အာနန္ဒာ ငါဘုရား သည် အသင်တို့အား ဓမ္မဝိနယ တရား တော်များကို ဟောကြားခဲ့ပြီး ဖြစ် ကြောင်း၊ ငါဘုရား ပရိနိဗ္ဗာန်ဝင် စံတော်မူသောအခါ ထိုတရားတော်တို့ သည် အသင်တို့၏ ဆရာအဖြစ် တည်ရစ်လိမ့်မည်"ဟု ဟောကြားထား တော်မူခဲ့ကြောင်း ဆရာတော်ဘုရား များ ဟောကြားတော်မူသည်ကိုနာယူ မှတ်သားဖူးပါကြောင်း။

ဗုဒ္ဓဘုရားရှင်၏ သာသနာတော် မြတ်ကြီး ရှေ့သို့ ဆက်လက်၍ စဉ်ဆက်မပြတ် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် သာသနာ့ ဝန်ဆောင် ရဟန်းသံဃာတော်များ၏ ဂန္ထဓုရနှင့် ဝိပဿနာဓုရ တာဝန် နှစ်ရပ်ကို ချမ်းမြေ့စွာ ထမ်းဆောင်နိုင် ရေး ဦးထိပ်ထားလျက် နိုင်ငံတော် အစိုးရနှင့်တကွ ပြည်သူပြည်သား တပည့်တော်တို့ ဒါယကာဒါယိကာမ များဘက်မှလည်း ပစ္စယာနုဂ္ဂဟအား ဖြင့် အထောက်အကူပြုလှူဒါန်းပူဇော် လျက်ရှိကြပါကြောင်း၊ သာသနာတော် မြတ်ကြီး မညှိုးနွမ်းစေရန်အတွက် ဓမ္မစက်နှင့် မပြည့်စုံလျှင် အာဏာစက် ဖြင့် ကူညီ၍ အဓမ္မဝါဒများကို ဖယ်ရှား ရှင်းလင်းပေးခြင်း၊ သမိုင်းဝင်စေတီ ပုထိုးဘုရားကျောင်းကန်များကို ဘက်စုံ ပြုပြင်မွမ်းမံပေးခြင်း၊ လိုအပ်သော ဒေသများတွင် သာသနိကအဆောက် အအုံများ အသစ်တည်ထားကိုးကွယ် စေခြင်း စသည်ဖြင့် မြန်မာနိုင်ငံ ဒေသအသီးသီးတွင် သစ်လွင်တောက် ပြောင်၍ ကြည်ညိုဖွယ်ဆောင်လျက်ရှိ သော စေတီပုထိုးဘုရားကျောင်းကန် သာသနိက အဆောက်အအုံများကို ဖူးတွေ့နိုင်ကြပြီ ဖြစ်ပါကြောင်း။

ထို့ပြင် ဘုရားရှင်လက်ထက်တော် အခါက ဘုရားရှင်သည် တပည့် သာဝက ရဟန်းပရိသတ်၊ လူပရိသတ် ထဲမှ ထင်ရှားသည့် ပုဂ္ဂိုလ်ထူးများ အား အခါအားလျော်စွာ ဧတဒဂ် ဘွဲ့ထူး ဂုဏ်ထူးများ သတ်မှတ်၍ အခါအားလျော်စွာ ချီးမြှောက်ပေးအပ် ခဲ့သည့် အစဉ်အလာကိုယူလျက် ရှေးရှေး သာသနာပြု မင်းကောင်း မင်းမြတ်များ နည်းတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အစိုးရသည် နိုင်ငံတော်၏ လွတ်လပ်ရေးနေ့ရောက်တိုင်း သာသ နာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

ယခု ၂၀၀၄ခုနှစ် ဇန်နဝါရီ၄ ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသည် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၄)ကို ထုတ်ပြန်ကြေ ညာလျက် သာသနာတော်ဆိုင်ရာ ဘွဲ့ တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်း လှူဒါန်းခဲ့ပါကြောင်း။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်များကို ဆက်ကပ်အပ်နှင်းရာတွင် ဆရာတော်အရှင်သူမြတ်တို့၏ သီလ ဂုဏ် သမာဓိဂုဏ် ပညာဂုဏ်သာသနာ တော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးထား ဆောင်ရွက်တော်မူ ကြလျက် သာသနာပြုတော်မူခြင်း၊ သာသနဟိတဓရ ဂုဏ်တရားတော် များကို သင်ကြားပို့ချဟောပြော ညွှန်ပြခြင်း၊ ဓမ္မာနုဂ္ဂဟဂုဏ်တို့ကို ရည်မှန်း၍လည်းကောင်း၊ သာသနာ့ နွယ်ဝင် သီလရှင်ဆရာကြီးများ၏ သာသနာပြုစွမ်းရည်နှင့် ဥပါသကာ ဥပါသိကာအမျိုးသားအမျိုးသမီးတို့၏ သာသနာတော်ကို စေတနာ သဒ္ဓါ ထက်သန်စွာဖြင့် ချီးမြှောက်ထောက်ပံ့ ခြင်း သာသနာနုဂ္ဂဟဂုဏ်တို့ကို လေးစားတန်ဖိုးထား၍လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံ တော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီက ယခုကဲ့သို့ သာသနာ တော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းပူဇော်ခြင်းဖြစ်ပါ ကြောင်း။

သာသနာ့အကျိုးထမ်းဆောင်

နိဂုံးချုပ်အားဖြင့် ယနေ့ကျင်းပ သည့်သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနား၌ လမ်းညွှန်စီစဉ်ပေး သောနိုင်ငံတော်အစိုးရနှင့်တကွ ပါဝင် ဆောင်ရွက်ပေးကြသော ဝန်ကြီးဌာန များ၊ ရန်ကုန်တိုင်းအေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ကျင်းပပြုလုပ်သည့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ပါဝင်လှူဒါန်းကြ သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီး သီးနှင့်တကွ စေတနာရှင် အလှူရှင် များနှင့်ဝေယျာဝစ္စဆောင်ရွက်ပေးကြ သူများ၏ ပြုပြုသမျှသော ကုသိုလ် ကောင်းမှုအစုစုအဖြာဖြာသည် မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း အထောက် အပံ့ကောင်း ဖြစ်ပါစေကြောင်းနှင့် ဆရာတော် သံဃာတော် အရှင်သူ မြတ်တို့၏ ဩဝါဒကို နာယူလျက် နိုင်ငံတော်အစိုးရနှင့်ပြည်သူပြည်သား တို့ ဆရာဒကာ လက်တွဲညီညာစွာဖြင့် သာသနာတော်မြတ်ကြီး အကျိုးပွားတိုး ထမ်းဆောင်နိုင်ကြပါစေကြောင်းဖြင့် လျှောက်ထားသည်။

ဆက်လက်၍ ယခုနှစ်သာသနာ တော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ် ပူဇော်ပွဲအခမ်းအနား၌နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့တွဲဖက်အကျိုးတော် ဆောင်ဆရာတော် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေး ကျောင်းတိုက်ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသက သမ္မောဒနီယဩဝါဒကထာ မြွက်ကြား တော်မူသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက မကွေးဆရာ တော်ဘဒ္ဒန္တ ကုမာရထံမှ ညှော်ပရိသတ် များက အနုမောဒနာတရားနှင့်ရေစက် ချတရားနာယူကြပြီး လှူဒါန်းမှုအစုစု အတွက်ရေစက်သွန်းချအမျှပေးဝေကြ ကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်များ ဆက်ကပ်ပူဇော်ပွဲအခမ်း အနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွက်ဆိုဆုတောင်း၍ မွန်းလွဲ ၂နာရီ၄၅မိနစ်တွင် ရုပ်သိမ်းလိုက် သည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ အခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ် တော်ရဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာနမိသားစု ဆွမ်းဆန်စိမ်း လောင်းလှူပွဲမဏ္ဍပ်၊ ဝန်ကြီးချုပ်ရုံး၊ တပ်မတော်ထောက်လှမ်းရေးမိသားစု၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊ စစ်ရေးချုပ်ရုံးမိသားစု၊စစ်ထောက်ချုပ် ရုံးမိသားစု၊ တပ်မတော် (ရေ)၊ တပ်မတော်(လေ)၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်း စစ်ချုပ်ရုံး၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီများ၊ ဘာသာရေးနှင့်လူမှု ရေးအသင်းအဖွဲ့များ၊တိုင်းရင်းဆေး လုပ်ငန်းများ၊ကုန်သည်ကြီးများအသင်း၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကအလှူရှင်များက သတ်မှတ်နေရာအသီးသီးမှဆွမ်းဆန် စိမ်းအစရှိသော လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့်လောင်း လှူကြသည်။

ယင်းသို့ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ် ပစ္စည်းများကို လောင်းလှူကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် ဇနီး၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ရန်ကုန် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ ဌာနဆိုင်ရာ အကြီး အကဲများ၊ တာဝန်ရှိသူများနှင့် စေတနာရှင် ပြည်သူများသည် မဟာပါသာဏလိုဏ်ဂူ အရှေ့ဘက်မှ တောင်ဘက်အထိ လိုဏ်ဂူပတ်လမ်း တစ်လျှောက်၊ ဝိဇယမင်္ဂလာဓမ္မသဘင် အနောက်ဘက်မှသီရိမင်္ဂလာကမ္ဘာအေး စေတီတော် အနောက်ဘက်မုခ် လမ်းတစ်လျှောက်၊ ထိုမှတစ်ဆင့် နိုင်ငံတော် ပရိယတ္တိ သာသန တက္ကသိုလ်(ရန်ကုန်)အဝင် လမ်း တစ်လျှောက်တို့ရှိ သတ်မှတ်နေရာ အသီးသီးမှ နေ၍ စုစုပေါင်းငွေ ၇၀၅၇၉၁၁၅ ကျပ် တန်ဖိုးရှိဆွမ်းဆန် စိမ်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာဖြင့် သဒ္ဓါ ဖွေးဖြူ အလေးမူ၍ လောင်းလှူ ပူဇော်ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လာရောက်ကြည်ညိုလှူဒါန်းလောင်းလှူ ကြသူတို့အား သီရိမင်္ဂလာကမ္ဘာအေး စေတီတော် တနင်္ဂနွေ ညနေ သန့်ရှင်းရေးအသင်းက သောက်ရေ သန့်နှင့် အချိုရည်များဖြင့် စတုဒိသာ အာဟာရဒါနအဖြစ် လှူဒါန်းကြသည်။

(သတင်းစဉ်)

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲကျင်းပ

ရန်ကုန် မတ် ၅

မင်းဓမ္မကုန်းတော် လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော် မြတ်ကြီး တပေါင်းလပြည့် ပြည်တော်ဝင်အခါတော်နေ့ ဗုဒ္ဓပူဇနီယမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၅နာရီခွဲတွင် ကျင်းပရာ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်နှင့် ဂေါပကအဖွဲ့ဝင်များက အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်တော်ဝင်အခါတော်နေ့အကြောင်းကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားပြီး ပြည်တော်ဝင်အခါတော်နေ့ ဗုဒ္ဓပူဇနီယ မင်္ဂလာအခမ်းအနားအဖြစ် ညနေ၅နာရီအထိ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ် ပူဇော်ကြသည်။

(သတင်းစဉ်)

မြတ်ဗုဒ္ဓ၏ ဆံတော်ဓာတ်မြတ်ကိန်းဝပ်စံပယ်ရာ သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်

သတင်းဆောင်းပါး - ချစ်မိုးညို
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

အထွတ် စိန်ဖူးတော်နှင့် သပိတ်တော်ကို ဖူးတွေ့ရစဉ်။

ဥဏှိသတော်အမြင့် ၃၄ တောင်ရှိ အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးကို ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရစဉ်။

မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဗုဒ္ဓဘာသာ သာသနာ အထွန်းကားဆုံး နိုင်ငံ ဖြစ်သည်။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာ ဟူသော သာသနာတော်သုံးရပ်ထွန်းကားသည် နှင့်အမျှ နိုင်ငံတစ်ဝန်းတွင် ဘုရား၊ ပုထိုး၊ စေတီ၊ သာသနိက အဆောက် အအုံများလည်း ပေါများကြွယ်ဝလှသည်။

အထူးသဖြင့် ရွာဦးကျောင်းမှ အုန်းမောင်းသံနှင့်ဘုရားစေတီပုထိုးမှ ခေါင်းလောင်းသံမှာ နိုင်ငံတော်စည်ပင် သာယာဝပြောမှုနှင့် ဘာသာတရား ကိုင်းရှိုင်းမှုကို ဖော်ညွှန်းပြသနေသည်။ မြန်မာနိုင်ငံတွင် စေတီမရှိသောမြို့၊ ဘုန်းတော်ကြီးကျောင်း မရှိသော ရွာဟူသည် ရှားလှသည်။ သံသရာကို အလေးထားသူ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများပီပီ နိုင်ငံအနှံ့ ဘုရားပုထိုးစေတီနှင့် သာသနိက အဆောက်အအုံများ တည်ထားကိုးကွယ် လှူဒါန်းကြသည်။

စေတီဟူသည် အထွတ်အမြတ်ကိုးကွယ်ရာ ပစ္စည်းများသိုမှီးထားရာ ဌာနဟု အဓိပ္ပာယ်ရသည်။ ပရိနိဗ္ဗာန်စံဝင်တော်မူသော မြတ်စွာဘုရားရှင်အား ရည်မှန်းကော်ရော်ပူဇော်သော အားဖြင့် ဘုရားစေတီပုထိုးများ တည်ထားကိုးကွယ်ခြင်း ဖြစ်သည်။

မြတ်စွာဘုရားရှင်၏ ကိုယ်တော်မှ ဖြစ်သောဓာတ်တော်မွေတော် ဆံတော်များကို ဌာပနာ၍ တည်ထားသော စေတီကို ဓာတုစေတီအဖြစ် ကိုးကွယ်ကြသည်။ ပဋိစ္စသမုပ္ပာဒ်တရားတော်၊ ပရိတ်တော်၊ ပိဋကတ်တော်တို့ကို ဌာပနာ၍ တည်ထားသော စေတီကို ဓမ္မစေတီအဖြစ် ကိုးကွယ်ကြသည်။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများကို ဌာပနာ၍ တည်ထားသော စေတီကို ပရိဘောဂစေတီ အဖြစ် ကိုးကွယ်ကြသည်။ ဘုရားရှင်၏ ကိုယ်စားရည်မှတ်ပြီး သွန်းလောင်းထွင်းထုထားသော ဆင်းတုတော် စသည့် ပုံတော်တို့ကို ဌာပနာ၍ တည်ထားသောစေတီကို ဥဒ္ဒိဿစေတီအဖြစ် ကိုးကွယ်ကြသည်။

မြန်မာနိုင်ငံတွင် ဖော်ပြပါ စေတီပုထိုးလေးမျိုးစလုံးကို ဖူးတွေ့ရသည်။ အထူးသဖြင့် ဓာတုစေတီမျိုးဖြစ်သော သရီရဓာတ်တော်စေတီများကို များစွာ ဖူးတွေ့ရသည်။ မြတ်မော်တင် ရွှေဆံတော်၊ တွံတေးရွှေဆံတော်၊ ဒဂုံရွှေဆံတော်(ရွှေတိဂုံစေတီ)၊ ပြည်ရွှေဆံတော်၊ တောင်ငူရွှေဆံတော်၊ ပုဂံရွှေဆံတော်စေတီတို့မှာ ဆံတော်အမည်ဘွဲ့တော်နှင့် ထင်ရှားသော စေတီများဖြစ်ကြသည်။

ကျိုက်ထီးရိုး၊ ကျိုက္ကစံ၊ ကျိုက်ဒေးအပ်၊ ကျိုက်ပိုင်းစေတီတို့မှာ ဆံတော်အမည် မပါသော်လည်း မြတ်စွာဘုရား၏ ဆံတော် ဌာပနာထားရာ စေတီတော်များဖြစ်ကြသည်။

ကျိုက်ပိုင်းစေတီတော်ဖြစ်ပေါ်လာရခြင်း သမိုင်းအကျဉ်းမှာ ဂေါတမမြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ် ခြောက်ဝါမြောက်တွင် မဟောသရနတ်မင်း လျှောက်ထားတောင်းပန်သဖြင့် ဘုရားရှင် ဖလသမာပတ်ဝင်စားသည့်နေရာ (ကျိုက်ပိုင်း စေတီတည်နေရာ) ၌ ဌာပနာရန်ဘုရားရှင်ကိုယ်တော်တိုင် ပေးသနားတော်မူသော ဆံတော်မြတ်တစ်ဆူကို တည်ထားပူဇော်ရာမှ ကျိုက်ပိုင်းစေတီတော်မြတ်အဖြစ် မြန်မာသက္ကရာဇ် ၉၁၄ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။

ဥဏှိသတော်အမြင့် ၃၄ တောင်ရှိ အပရာဇိတဆံတော်ရှင် သမိုင်းဝင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးမှာ အရံစေတီ ၁၁၇ ဆူခြံရံလျက် မရမ်းကုန်းမြို့နယ် အမှတ် (၃)ရပ်ကွက် ကျိုက်ပိုင်းဘုရားလမ်းတွင် ကြည်ညိုဖွယ် ကိန်းဝပ်စံပယ်လျက် ရှိသည်။

အရံစေတီ ၁၁၇ဆူ ခြံရံလျက် မဟောသရကုန်းတော်တွင် ကြည်ညိုဖွယ် ဖူးတွေ့ရသော အပရာဇိတ ဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်။



သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်၏ အထွတ် စိန်ဖူးတော်၊ သပိတ်တော်နှင့် ငှက်မြတ်နားတော်ကို ဖူးတွေ့ရစဉ်။

စေတီတော်မြတ်ကြီးတွင် နှစ်စဉ် အစဉ်အလာမပျက် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟူသော ပူဇော်ခြင်း သုံးမျိုးဖြင့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တပေါင်းလတိုင်း ကျင်းပလျက်ရှိရာ ယခုအခါ (၁၄၁)ကြိမ်သို့ပင် တိုင်ခဲ့ပြီ ဖြစ်သည်။

ဩဝါဒါစရိယ ဆရာတော်များအဖြစ် ကျိုက်ပိုင်းသီတာရုံဆရာတော်၊ ကမ္ဘောဇဆရာတော်၊ ရွှေလက်ကောက်ဆရာတော်၊ နတ်ညွှန်း ဆရာတော်တို့အား အမှူးထားကာ လက်ရှိဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အတွင်းရေးမှူး ဦးသန်းမြင့်နှင့် အဖွဲ့ဝင်ကိုးဦး ပါဝင်သော ဂေါပကအဖွဲ့က ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းများအဖြစ် အာရုံခံတန်ဆောင်းများ ပြုပြင်ရသည်။ ပစ္စယာကြမ်းခင်းများ ပြုပြင်ရသည်။ နေပူခံကျောက်ပြားများ ခင်းရသည်။ ရေမီးရရှိရေး ဆောင်ရွက်ရသည်။ ထီးတော်ကြီး ရွှေသင်္ကန်းကပ်လှူရသည်။ အရံစေတီတော်ထီးတော်များ ရွှေချရသည်။ ဘုရားဖူးလာ ပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန် ရင်ပြင်တော် တိုးချဲ့ရသည်။ မဟာရံတံတိုင်း ပြုပြင်ရသည်။ သွားလာရေး အဆင်ပြေစေရန် ပတ်လမ်းများ ဖောက်ရသည်။ ဘုရားဈေး ဖော်ထုတ်ရသည်။ ယင်းလုပ်ငန်းများအတွက် ကျပ်သိန်းပေါင်းများစွာ သုံးစွဲရသည်။ ဘုရားဖူးပြည်သူများ၏ လှူဒါန်းငွေများကို အကျိုးရှိရှိထိထိရောက်ရောက် အသုံးပြုလျက်ရှိရာ ဘုရားကြီး ရွှေသင်္ကန်း အသစ်ကပ်လှူရေး (ရွှေထီးတော်အပါအဝင် လုံးတော်ပြည့် ကိုးလက်မပတ်လည် ရွှေကြေးပြားကပ်လှူပြီး) အတွက် ကျပ် ၂၂၉ ဒသမ ဝ၈သိန်း သုံးစွဲပြီးဖြစ်သည်။

စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ကျပ် ၅၈ ဒသမ ၉၆သိန်းကျော်ဖြင့် ပြုပြင်မွမ်းမံပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁၄ရက်က ကပ်လှူပြီး ဖြစ်သည်။

ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းများမှာ အမြဲဆောင်ရွက်ရသော လုပ်ငန်းမျိုးဖြစ်ရာ တောင်ဘက်မုခ်တန်ဆောင်း တည်ဆောက်ရေး လုပ်ငန်း၊ ဗုဒ္ဓဝင်ပြတိုက် တည်ဆောက်ရေးလုပ်ငန်းများ ကျန်သေးသည်။

အလှူရှင်၊ စေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် ဘက်စုံပြုပြင်မွမ်းမံရေးကို ဂေါပကအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ယခုအခါ စေတီတော်ကြီးမှာ လုံးတော်ပြည့် ရွှေသင်္ကန်းတဝင်းဝင်းဖြင့် ဘက်စုံတိုးတက်လျက် ရှိသည်။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးသည် ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီမည်ပါသောကြောင့် ကိုယ်တိုင် ဖူးမြော်ကြည်ညိုခြင်း၊ ကိုယ်တိုင်လှူဒါန်းခြင်းတို့ဖြင့် ဆောင်ရွက်ရန်ကျန်သေးသောတောင်ဘက်မုခ်စောင်းတန်း တည်ဆောက်ခြင်း၊ ဗုဒ္ဓဝင်ပြတိုက် တည်ဆောက်ခြင်း လုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်လှူဒါန်းကြည်ညို သဒ္ဓါပွားများနိုင်ရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် ဂေါပကအဖွဲ့ဝင်များက စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းပြစဉ်။

ဆေးကုသခံ လူနာများအတွက်ဆေးဝါးလှူဒါန်း

အုတ်တွင်း ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်အထူးကု ဆရာဝန်ကြီးများအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်က အုတ်တွင်းမြို့နယ် ကျွဲပွဲအခြေခံပညာ အထက်တန်းကျောင်း၌ကွင်းဆင်းဆေးကုသပေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ပညာပေးဟောပြောပွဲအခမ်းအနားသို့ အုတ်တွင်းမြို့နယ်ဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နွယ်နွယ်ဝင်းနှင့် လက်ထောက်ဆရာဝန်များ၊ ကျွဲပွဲရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာနှင့် ကျွဲပွဲအထက ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြပြီး တောင်ငူဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်သန်းက ကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြောသည်။

ကွင်းဆင်းဆေးကုသရာတွင် ကျွဲပွဲဒေသရှိ လူနာ ၇၈၁ဦးတို့အား အခမဲ့ဆေးကုသပေးကြပြီး ပဲခူးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက ဆေးဝါးကုသမှုခံယူသူ လူနာများသို့ ကျပ်တစ်သိန်းတန်ဖိုးရှိသော ဆေးဝါးများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၃၁၆)

စာပေဟောပြောပွဲကျင်းပ

အုတ်ဖို ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်း(အနောက်ပိုင်း)အုတ်ဖိုမြို့နယ် ဂုံညင်းတန်းကျေးရွာ အထက(တွဲ)၌ ဖေဖော်ဝါရီ ၇ ရက်က စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကြည်မြက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေက စာဆိုတော်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ချစ်နိုင်(စိတ်ပညာ)၊ ပျဉ်းမနားမောင်နီသင်းနှင့် ငြိမ်းမင်းတို့က စာပေရေးရာများ ဟောပြောခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲအတွက် ပံ့ပိုးကူညီသောပစ္စည်းများကို ဘောလုံးအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးဘရီကပေးအပ်ရာ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်က လက်ခံရယူစဉ်။ (က-ပ)

ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ဥက္ကဋ္ဌဖလား ဒေသပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ကန်တော်ကြီးဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

တောင်ကြီး မတ် ၂

၂၀၀၄ ခုနှစ် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလားဒေသပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ကန်တော်ကြီးဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့် ပွဲကို ဖေဖော်ဝါရီ ၂၈ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့ နောင်ကားကျေးရွာတွင်ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားသို့ အထူးဒေသ(၆)မှ ဦးခင်အောင်ညို၊ ဦးခွန်စံလွင်၊ ပြိုင်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်၊ ပအိုဝ်း အမျိုးသားဘောလုံးအဖွဲ့အတွင်းရေးမှူး ဦးခွန်ဝင်းကို၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဘရီ၊ ပြည်နယ် အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အားကစားဝါသနာရှင်များတက်ရောက်ကြသည်။ အခမ်းအနားတွင် ဒေသပေါင်းစုံ ဘောလုံးပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သော (ကျောက်တလုံး)အသင်းအား ငွေသားဆုကို ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်က လည်းကောင်း၊ ဆုဖလားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဘရီက လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ပြီး ဒုတိယဆုရ (နောင်တရား) အသင်းအား ငွေသားဆုကို ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်က ချီးမြှင့်သည်။ တစ်ဦးချင်းဆုတံဆိပ်များနှင့်နေရာလိုက်အကောင်းဆုံးဆုများကိုပြိုင်ပွဲကျင်းပရေးကော်မတီများက အလှည့်ကျ ချီးမြှင့်သည်။

ကျေးရွာအုပ်စုပေါင်းစုံ ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သောအသင်းအား ငွေသားဆုကို ကန်တော်ကြီးဥက္ကဋ္ဌ ဦးချန်ယွန်းကလည်းကောင်း၊ ဆုဖလားကိုပြည်နယ် အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က ပေးအပ်ချီးမြှင့်သည်။ ဒုတိယဆုရ အသင်းအား ငွေသားဆုကို ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့အမှုဆောင် ဦးခွန်အောင်သာကချီးမြှင့်သည်။ တစ်ဦးချင်းဆုတံဆိပ်များနှင့် နေရာလိုက်အကောင်းဆုံး ဆုများကို ပြိုင်ပွဲကျင်းပရေးကော်မတီများက အလှည့်ကျချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲအတွက် ပံ့ပိုးကူညီသော ပစ္စည်းများကို တွဲဖက်အတွင်းရေးမှူး ဦးဘရီကပေးအပ်ရာ ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်က လက်ခံရယူသည်။

အမှတ်တရ

ယင်းနောက် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့အတွင်းရေးမှူး ဦးခွန်ဝင်းကိုက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

ထို့နောက် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဒုဥက္ကဋ္ဌ ဦးသိန်းဖေက သရုပ်ပြပွဲ ကစားခဲ့သော ရှမ်းပြည်နယ် သူနာပြုအမျိုးသမီးဘောလုံး နှစ်သင်းအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ ဆက်လက်၍ အတွင်းရေးမှူး ဦးခွန်ဝင်းကိုက ပြိုင်ပွဲ၌ဆောင်ရွက်ခဲ့သော ဒိုင်အဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရေးဆွေးနွေး

ပုံပါကျင် မတ် ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ပုံပါကျင်ဒေသ မိုင်းဟန်ကျေးရွာအုပ်စု နားကောင်းမူးကျေး ရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က အဆိုပါ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် ပုံပါကျင်ဒေသအထွေထွေအုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးလှမျိုးအောင်က စာကြည့်တိုက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးမှူး ဦးမြင့်သူက စာအုပ်စာတမ်းများ စုဆောင်းထားရှိမှုနှင့် ရရှိရေးဆောင်ရွက်ရန်ကိစ္စများ၊အုပ်စုဥက္ကဋ္ဌ ဦးလှမောင်က စာကြည့်တိုက်ဖွင့်လှစ်ပေးမည့်နေရာနှင့် ပရိဘောဂများ ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကြိုဂုန်လျှော်၊ချဉ်ပေါင်လျှော်ပင် စိုက်ပျိုးထုတ်လုပ်မှု တာဝန်ပေးအပ်

ပန်းတနော် ဖေဖော်ဝါရီ ၂၆

ပန်းတနော်မြို့နယ်တွင် ၂၀၀၄-၂၀၀၅ခုနှစ် မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်နှင့် လျှော်ပင်ခြောက် စိုက်ပျိုးထုတ်လုပ်မှုတာဝန်ပေးအပ်ပွဲကိုမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်က အမှာစကားပြောကြားပြီး ဗုန်မန်နေဂျာ ဦးမျိုးဝင်းက စိုက်ပျိုးထုတ်လုပ်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်က ကျေးရွာဥက္ကဋ္ဌများကို တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။

ပန်းတနော်မြို့နယ်တွင် မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်နှင့် လျှော်ပင်ခြောက် စုစုပေါင်း ဧက ၁၂၅၀၀ စိုက်ပျိုးမည်ဟု သိရသည်။

(၃၂၇)

ဖေဖော်ဝါရီ၁၁ ရက်က တိုင်းရင်းဆေးသမားတော်ကြီး ဦးနေစက်ရောင်၏ အသက်(၉၀)ပြည့်အထိမ်းအမှတ်အဖြစ် သား ဦးနေမျိုးမင်းဆော-ဒေါ်ဝင်းဝင်းမော်တို့က ပြည်မြို့တိုင်းရင်းဆေးရုံသို့ ထာဝရဆေးပဒေသာပင်ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းပွဲကို နေစက်ရောင်ဆေးကုခန်းအမှတ် ၁၁/၁၂ ရွှေနန်းဦးတိုက်ခန်း ဗိုလ်ချုပ်လမ်း၌ကျင်းပရာ ပြည်မြို့တိုင်းရင်းဆေးရုံကြီးကြပ်ရေး ဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန်းက လက်ခံရယူစဉ်။ (၃၇၀)

ရောဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက်ရှိ ဘုရားလမ်းတိုးချဲ့ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က အဆိုပါ လမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ ကျင်းပရာ လပွတ္တာမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့် ဦးနေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ဖေဖော်ဝါရီ၂၉ ရက်က ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင်စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလှဦးက အနီးကပ်ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများက မြို့မဈေးကြီး၏အတွင်း အပြင်နှင့် လမ်းဘေးဝဲယာရှိအမှိုက်များ၊ မြက်ပင်များကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (၂၆၅)

မင်းပြားမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းအုတ်ရေမြောင်းနှင့် ပလက်ဖောင်းလူသွားစင်္ကြံလမ်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၀ ရက်က မင်းပြားမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မန္တလေးတိုင်း တံတားဦးမြို့နယ် ပင်းယမြို့ဟောင်း စကားအင်းကျေးရွာအနီးရှိ အင်းဝဘုရင် မင်းကြီးစွာစော်ကဲ တည်ထားခဲ့သော အောင်စည်းခုံစေတီတော်ကြီး၏ အနောက်တောင်ထောင့်အပေါ်ဆုံးပစ္စယာမှ ကြေးဆင်းတုတော်တစ်ဆူ၊ မင်းဝတ်ဆင်းတုတော်တစ်ဆူအပါအဝင် ဆင်းတုတော်ခြောက်ဆူ၊ ပဉ္စလောဟာဆင်းတုတော်တစ်ဆူ ဆင်းတုတော်စုစုပေါင်း ခုနစ်ဆူကို ထပ်မံဖူးတွေ့ရစဉ်။ (ယဉ်ကျေးမှု)

အင်းဝခေတ်လက်ရာ ရှေးဟောင်းဆင်းတုတော်များ ပင်းယမြို့ဟောင်းစေတီပျက်မှ ထပ်မံတွေ့ရှိ

ရန်ကုန် မတ် ၅

မန္တလေးတိုင်း တံတားဦးမြို့နယ် ပင်းယမြို့ဟောင်း စကားအင်းကျေးရွာအနီးရှိ အင်းဝဘုရင် မင်းကြီးစွာစော်ကဲတည်ထားခဲ့သော အောင်စည်းခုံစေတီတော်ကြီး ပြုပြင်ထိန်းသိမ်းနေမှုကို ရှေးဟောင်းသုတေသနဦးစီးဌာနခွဲ (မန္တလေး)မှ ညွှန်ကြားရေးမှူး(စီမံ) ဦးလှကြီးမောင်မောင် ဦးဆောင်သည့်အဖွဲ့က ၂၀၀၄ခုနှစ် ဒီဇင်ဘာ ဒုတိယအပတ်မှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အထိ လုပ်ငန်းကာလအတွင်း အင်းဝခေတ်လက်ရာ ရှေးဟောင်းဆင်းတုတော် ၃၂ဆူ တွေ့ရှိခဲ့ပြီးဖြစ်သည်။

ထို့နောက် ဖေဖော်ဝါရီ ၂၈ ရက်တွင် စေတီတော်ကြီး၏ အနောက်တောင်ထောင့် အပေါ်ဆုံးပစ္စယာမှ ကြေးဆင်းတုတော်တစ်ဆူ၊ မင်းဝတ်ဆင်းတုတော်တစ်ဆူအပါအဝင် ဆင်းတုတော်ခြောက်ဆူ၊ ပဉ္စလောဟာဆင်းတုတော်တစ်ဆူ စုစုပေါင်း ခုနစ်ဆူ ထပ်မံတွေ့ရှိခဲ့သည်။

ရှေးဟောင်းသမိုင်းဝင် အောင်စည်းခုံစေတီတော် ပြန်လည်တူးဖော်ရာမှ ယနေ့အထိ ဌာပနာဗုဒ္ဓရုပ်ပွားတော် ၃၉ဆူရရှိထားပြီးဖြစ်ရာ တူးဖော်ထိန်းသိမ်းမှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၆) ဗိုလ်တထောင် ကျောင်းသားဟောင်းများမြတ်ဆရာပူဇော်

ရန်ကုန် မတ် ၅

အထက(၆) ဗိုလ်တထောင် (ယခင်စိန့်ပေါလ်)ကျောင်းသားဟောင်းများ၏ ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို မတ် ၂ ရက်နံနက် ၈ နာရီခွဲက အောင်ဆန်းခန်းမတွင် ကျင်းပသည်။ **(ယာအောက်ပုံ)**

အခမ်းအနားသို့ ၁၉၆၅ ခုနှစ်မှ ၁၉၈၀ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမ ၁၄၆ ဦး တက်ရောက်ခဲ့ပြီး ကျောင်းသားဟောင်းများက ပူဇော်ကန်တော့ခဲ့ကြသည်။ ပူဇော်ကန်တော့ရာတွင် စုစုပေါင်း အလှူငွေများမှာ ဆရာ ဆရာမတစ်ဦးလျှင် ကျောင်းသားဟောင်းများက စုပေါင်း၍ ငွေကျပ် ၂၀၀၀၀စီ၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ် ၃၀၀၀၀ စီနှင့် တန်ဖိုး ၅၀၀၀ ရှိ ဝတ်စုံတစ်စုံစီ၊ မိုးမြေနေလကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးနေမိုးက တန်ဖိုးကျပ် ၁၀၀၀၀ ရှိ ဆန်အိတ်တစ်အိတ်စီ၊ ဒေါက်တာသာရင်မြတ်က ငွေကျပ် ၅၀၀၀စီ စုစုပေါင်း တန်ဖိုးကျပ် ၉၅ သိန်းခန့် လှူဒါန်းခဲ့ကြသည်။

ထို့နောက် မျိုးဆက်သစ်ကျောင်းသားများက ၁၉၈၁ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများအား ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ ဆက်လက်ကျင်းပကြသည်။ **(က-ပ)**

အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုပြိုင်ပွဲများအတွက် အလားအလာရှိသူများအား ရွေးချယ်လေ့ကျင့်ပေးမည်

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ်က အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုအားကစားပြိုင်ပွဲများအတွက် အလားအလာရှိသူ လူငယ်ကရာတေးဒို အားကစား မောင်မယ်များအား ရွေးချယ်ပြီး လေ့ကျင့်ပေးမည်ဖြစ်သည်။

လျှောက်ထားခွင့်မရှိ

ရွေးချယ်ခံရမည့် ကရာတေးဒိုအားကစားမောင်မယ်များသည် ကျန်းမာရေးကောင်းမွန်ပြီး အသက် (၂၅)နှစ်ထက် မကြီးစေရ၊ အမျိုးသားများသည် အရပ် ၅ ပေ၊ ၄ လက်မ အနည်းဆုံး ရှိရမည်ဖြစ်ပြီး အမျိုးသမီးများသည် အရပ် ၅ပေ ၂ လက်မ အနည်းဆုံး ရှိရမည်ဖြစ်ကာ ယခင် ပဏာမလက်ရွေးစင်ဟောင်းများ လျှောက်ထားခွင့်မရှိဟု သိရသည်။

အမည်စာရင်းပေးသွင်းရမည်

သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံ၍ ရွေးချယ်ခြင်းခံရပါက စမ်းသပ်လေ့ကျင့်မှု ကာလအတွင်း အားကစားမောင်မယ်များ၏ နေထိုင်စားသောက်ရေးကို မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က တာဝန်ယူမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းမီ ကရာတေးဒိုအားကစားမောင်မယ်များသည် ၂၀၀၅ ခုနှစ် မတ် ၂၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

အမည်စာရင်း ပေးထားသော ကရာတေးဒို အားကစားမောင်မယ်များသည် လူတွေ့စစ်ဆေးခံရန် ဧပြီ ၂၆ ရက်တွင် ရုံးချိန်အတွင်း မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သို့ ရောက်ရှိ သတင်းပို့ရမည်ဖြစ်ကြောင်းနှင့် ဖုန်း- ၃၇၉၉၃၉သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Job Opportunity

(For Local Service Only, Salary in Kyats)

1. Project / Field Engineer (B.E - Mechanical)
2. Application Engineer (B.E - Mechanical)
3. General Manager (MBA preferred)

GPO Box No. 438
Yangon, Myanmar

ကိမိုနိုဟောက်(စ်)မှ ကိမိုနိုမျိုးစုံ၊ လီနင်မျိုးစုံ စိန့်ပိုက်ကယ်မျိုးစုံ

လက်လီလက်ကား အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။ တူညီဝတ်စုံ၊ သကြံန် တူညီဝတ်စုံမျိုးစုံ ရနိုင်ပါသည်။

(တရုတ်ပစ္စည်း လုံးဝမရောင်းပါ)
A-11-b, A-22
ဒုတိယထပ်-ယုဇနပလာဇာ

Tipper (၄)စီး
Roller (၂)စီး
Backhole (၂)စီး
Dozer(D,/D,) (၂)စီး

အမည်ပြောင်း ပန်းမြောင်း အထက နဝမတန်း (ခ)မှ မောင်မာမတ်ဒူးလာဟာဆောင်းအား မောင်လှမြင့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လှမြင့်**

T.A.G Summer School

8 March to May

Daw Khin Thawda Aung

English Grammar & Speaking

These Summer Course will definitely enhance your improvement in English. If you take course, you would be allowed FOC for another two courses.

Special Guide for I.E.L.T.S, T.O.E.F.L, G.C.E

No. 51, Kyar Kwet Thit Street, Kyauk Myaung, Tamwe Township.

556571

ဦးကျော်ဧယျ သေသွားသည့်တိုင်

SoftGuide Computer for Kids

Email & Internet

043 - 23524
053 - 24269
082 - 23356
382180, 382195
229559
527388

မင်္ဂလာဦးဆုတောင်း

ကိုမောင်မောင်အေးနှင့် မစန္ဒာမြင့် B.Sc (Phy:) Hons, Licensed Tour Guide တို့၏ ၁၂-၂-၂၀၀၄ ရက်တွင် ကျရောက်သော မင်္ဂလာဦးမှသည် နောင်နှစ်ပေါင်း ၁၀၀တိုင်အောင် ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ဦးဝင်းနိုင်မြတ်-ဒေါ်ခင်မိုးမြင့်နှင့်
လေးလေးအောင်မိသားစု
မိုးစင်ကြယ်စတိုး
မ/ဥက္ကလာပ။

(7-3-2004) မှ (13-3-2004) ထိ ... (17-3-2004) မှ (23-3-2004) ထိ ... (9:00-12:00) ... (1:00-4:00) ... Cordial, Squash, Flower Plus ... Chilli Sauce Tomato Sauce ... 224-B ... Ph-01-662129, 690264.

ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ



ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ရီ

အသက် (၈၅) နှစ်

ဒေါက်တာဝမ်းမောင် (ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)-ဒေါက်တာမေမာလာဆွေ (မီးယပ်/သားဖွားအထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး)၏ မိခင်ဒေါ်ခင်ရီသည် ၁-၃-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
တိုင်းရင်းဆေးပညာဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ် ၂က/၅၀၉၄ ယာဉ်လက်ဝယ်ရှိသူက အမည်ပြောင်းလဲရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ အရှေ့ပိုင်းခရိုင်ရုံး (ဒဂုံ) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ အရှေ့ပိုင်းခရိုင်ရုံး (ဒဂုံ)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြခင် (ပုသိမ်)
အသက်(၉၃)နှစ်

ပုသိမ်မြို့၊ ၂၈၊ မဟာစေတီလမ်း၊ ပန်းတင်ကုန်းရပ်နေ (ဦးဖိုးကျန်-ဒေါ်ငွေတင်)တို့၏သမီးကြီး၊ (ဦးမောင်ငွေ)၏ဇနီး၊ (ဦးစိုးမြင့်)-ဒေါ်ခင်မြင့်မြင့်၊ ကံ့ကော်ရွှေပြည် ဦးသန်းထွန်း(ဒါရိုက်တာ၊မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၊ ဥက္ကဋ္ဌ-ပုသိမ်အသင်း)-ဒေါ်မြသွေး၊ (ဦးစိန်ငွေး)-ဒေါ်သန်းနွဲ့၊ ဦးစိုးမင်း-ဒေါ်ညွန့်စိန်၊ (ဦးတင်စိုး-ဒေါ်ခင်ခင်ညွန့်)၊ (ဦးလှစိုး)-ဒေါ်ရွှေစင်တို့၏မိခင်၊ မြေး ၂၇ ယောက်တို့၏အဘွား၊ မြစ် ၂၈ ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ သချောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်မြသင် (သုံးခွ)
အသက်(၉၀)

ရန်ကုန်မြို့၊ အမှတ် ၁၅၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ ဆရာကြီးဦးစံမိုး၏ဇနီး၊ (ဦးပန်းအိ-ဒေါ်သဲညွန့်)တို့၏ သမီး၊ (ဆရာကြီး ဦးခို-ဒေါ်ငွေစိန်)တို့၏ညီမ၊ ဒေါ်သန်းသန်းနွဲ့-ဦးခင်မောင်မြ၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်ပြုံးကြည်၊ ဦးမောင်မောင်ဆင့်-ဒေါ်ဝင်းဝင်းသိန်း၊ ဒေါ်ခင်ခင်ဆင့်-ဦးစောမင်း၊ ဒေါ်အေးအေးထွေးတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃:၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြသင် (သုံးခွ)
အသက်(၉၀)

ရန်ကုန်မြို့၊ အမှတ် ၁၅၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာ၊ ဗဟန်းမြို့နယ်နေ ဆရာကြီး ဦးစံမိုး၏ဇနီး၊ (ဆရာကြီး ဦးခို-ဒေါ်ငွေစိန်)တို့၏ညီမ၊ ဒေါ်စိန်စိန်ငွေး၊ ဒုတိယဗိုလ်မှူးကြီးမောင်နီ(ငြိမ်း)-ဒေါ်တင်တင်အေး၊ (ဦးမောင်လှိုင်)-ဒေါ်သန့်သန့်ဇင်၊ (ဦးမြင့်သိန်း)-ဒေါ်စိန်စိန်မြိုင်၊ (ဗိုလ်မှူးကြီးတင့်လွင်)-ဒေါ်အေးအေးသန်း၊ ဦးအုံ့ကြည်-ဒေါ်တင်တင်ဝင်းတို့၏အဒေါ်၊ မြေး ၁၅ ယောက်တို့၏အဘွားလေးသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃:၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ တန်ဆောင်း၊ရေကန်ဒါယကာကြီး
ဦးထွေးပို (မိုးကုတ်ယောဂီ)
အသက်(၇၀)

မန္တလေးမြို့၊ကျွဲဆယ်ကန်ရပ်၊မိုးကုတ်ဝိပဿနာမင်္ဂလာရိပ်သာ၊ အနန္တသစ္စာကျောင်းဆောင်နေ ဒေါ်အေးကြည်၏ခင်ပွန်း၊ မန္တလေးမြို့၊ ၈၆ လမ်း၊ ၂၁ လမ်း x ၂၂ လမ်းကြားနေ ကိုတင်ဝင်း-မအောင်ကြည် (ပတ္တမြား သံနှင့်ဘိလပ်မြေရောင်းဝယ်ရေး)၊ ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းပွဲရုံဝင်းနေ ကိုတင်လုံး-မသန်းသန်းအေး(ဇော်ဝင်း သွပ်ပြားနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ မန္တလေးမြို့၊ ၂၄လမ်း၊၈၃ လမ်း x ၈၄ လမ်းကြားနေ ကိုပြုံး-မတင်မာဝင်း (ဇော်ဝင်း သွပ်ပြားနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ မန္တလေးမြို့၊ ၁၈လမ်း၊ ၈၆ လမ်းထောင့်နေ ကိုခင်မောင်မြင့်-မမြင့်မြင့်အေး (ရွှေပြည့်စုံ မိုးကုတ်လက်ဖက်)၊ ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းပွဲရုံဝင်းနေ ကိုမြင့်ငွေး-မနီနီအောင်၊ ကိုမင်းနောင်-မချောစု၊ ကိုမင်းအောင်၊ ကိုမင်းမောင်-မခိုင်၊ကိုမင်းသိန်း-မသူဇာ (ဇော်ဝင်း သွပ်ပြားနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းစု)တို့၏ ဖခင်၊ မြေး၁၆ယောက်တို့၏အဘိုးသည်၄-၃-၂၀၀၄ရက်(ကြာသပတေးနေ့) ည ၉:၄၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့်၅-၃-၂၀၀၄ရက်မွန်းလွဲ၂:၃၀နာရီတွင်မန္တလေးမြို့ တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီးဒေါ်ထွားရီ
(ဘိုကလေးမြို့)
အသက်(၉၁)နှစ်

(ဦးစိန်ညို-ဒေါ်ရင်)တို့၏ သမီး၊ (ဆလိုင်းအေးမောင်၊ ဘိုကလေးဆေးရုံ)၏ဇနီး၊ ဦးလှထွန်းမြင့်(ခ)ဦးဘိုတိုး-ဒေါ်သန်းနွဲ့၊ ဒေါ်ခင်ထားအေး-ဦးမောင်မောင်အေး၊ ဦးဘန်နီအေး-ဒေါ်တင်သိန်း၊ ဒေါ်ခင်ဝင်းအေး-စောအီးကိုလေး၊ ဦးအောင်စိုး-ဒေါ်ခင်သိန်းနွဲ့၊ ဦးညီပုလေး-နော်အယ်လဝါးတို့၏မိခင်၊ မြေး ၂၀ယောက်တို့၏အဘွား၊မြစ်၂၀ယောက်တို့၏ဘွားဘွားကြီးသည် ၅-၃-၂၀၀၄ ရက်တွင် အမှတ် ၂၂၆(အေ)၊ လမ်းသစ်လမ်း၊အင်းစိန်မြို့နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်ခန်းမဆောင်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မောင်ရဲကျော်သူ
B.Sc (Maths)
L.C.C.I; Level I,II
ကထိက (မြန်မာနိုင်ငံ စာရင်းကိုင်များအသင်း)
[ကွန်ပျူတာ (စာရင်းကိုင်) မြန်မာအောင်ကုမ္ပဏီ]
မန်နေဂျာ (Best Color)
အသက်(၂၉)နှစ်

(ဦးဘကွန်း၊ဂုန်လျှော်ဌာနမှူးဟောင်း-ဒေါ်မြခင်)တို့၏မြေး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ရွှေဝါလမ်းသွယ် ၁၊ အမှတ် ၇ နေ ဒုအရာခံဗိုလ်/၇၁ တင်ဝင်း-ဒေါ်သန်းသန်းကွန်း(ကျွမ်း-၇၊ ငြိမ်း၊ စစ်/ကိုယ်ကော်ပိုရေးရှင်း၊ဖက်စပ်၂)တို့၏သားငယ်၊ ကိုစိုးမင်း-မစန္ဒာမမ [ခွဲ/ရေး (ပသအ)]၊ တပ်ကြပ် သူရိန်စိုး (ရန်ကုန်တိုင်း ရဲတပ်ဖွဲ့)-မလွင်လွင်မာ၊ တပ်ကြပ်ကြီးခင်အေး(နစခ)-မယဉ်ယဉ်ခိုင်တို့၏ညီ/မောင်၊တူ တူမ ငါးယောက်တို့၏ဦးလေးသည် ၄-၃-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။ ဆေးရုံကြီးမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပန်တျာဒေါ်စန်းစန်း
(မန္တလေး)
အသက်(၇၀)

မန္တလေးမြို့၊ ၁၉ လမ်း၊ ညောင်ပင်ဈေးအနီးနေ ဒေါက်တာဦးသက်ဆွေ-ဒေါ်ခင်စောထွေး၊ ဒေါ်ခင်မျိုးမြင့်၊ ဦးဇော်လွင်-ဒေါ်ခင်ဥမ္မာ၊ ဦးချမ်းမြေ့အေး-ဒေါ်ခင်ယုနိုင်တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွား၊ ငြိမ်းချမ်းရေး ဦးညွန့်တင်၏ဇနီးသည် ၅-၃-၂၀၀၄ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ မန္တလေး ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာနသို့ ၅-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် လှူဒါန်းပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်လှလှသန်း
အသက်(၅၆)နှစ်

မွန်ပြည်နယ်၊သထုံမြို့၊အမှတ်(အေ-၇)၊ တာယာစက်ရုံဝင်း၊ အိမ်ထောင်သည်လိုင်းနေ (ဦးကျော်ဇံအောင်-ဒေါ်သန်းနွဲ့)တို့၏သမီးကြီး၊ (ဦးလှအောင်-ဒေါ်သီ)တို့၏သမီးချွေးမ၊ဦးသိမ်းမောင်(တာယာစက်ရုံ၊ သထုံ)၏ဇနီး၊ ဦးအုန်းကြွယ်(ကပစ-၁၁)၊ဒေါ်သန်းသန်းလှိုင်၊ဦးအေးကျော်၊ ဒေါ်စန်းစန်းငွေးတို့၏အစ်မကြီး၊ ကိုအောင်မျိုးသန့်-မခင်မိုးအေး(အာရှစနဘဏ်)၊ကိုကျော်ကျော်ထက်(ပန်ကာကြိုးစက်ရုံ၊ နှစ်ရှည်ပင်လုပ်ငန်း)၊ မထက်ထက်အိ(ပန်ကာကြိုးစက်ရုံ၊ နှစ်ရှည်ပင်လုပ်ငန်း)တို့၏မိခင်သည် ၅-၃-၂၀၀၄ ရက် နံနက် ၃ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၇-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မင်္ဂလာဒုံ၊ ပျဉ်းမပင်၊လက်အိတ်စက်ရုံဝင်း၊အဆောင် ၆၊ အခန်း ၁မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမောင်သာခံ (စစ်တွေ)
စက်ရှင်တရားသူကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူး(ငြိမ်း)
တရားရုံးချုပ်ရှေ့နေ
အသက်(၉၀)

(ဦးကျော်ဇောဝေ) (ဇုန်မန်နေဂျာ၊ ကုန်သွယ်ရေး-၁)-ဒေါ်သန်းကြည်၊ ဒေါက်တာဦးအေးထွန်း (မျက်စိအထူးကုဆရာဝန်ကြီး)-ဒေါ်စံနု၊ ဦးအေးသိန်း (စာရေးဆရာ)-ဒေါ်တင်နွဲ့၊ ဦးအေးမောင် (ဥပဒေအရာရှိအဆင့်-၁၊ ငြိမ်း)-(ဒေါ်တင်စိန်)၊ ဦးအေးသောင်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ခင်ခင်ညွန့်၊ ဒေါက်တာဇော်သန်း(ဆန်ကေးရှင်ဘွန်းသတင်းထောက်)-ဒေါ်ခင်စောဝင်းတို့၏ဖခင်၊ မြေး ၂၀ယောက်တို့၏အဘိုးရှင်၊ မြစ် ၂၀ ယောက်တို့၏ အဖိုးရှင်သည် ၄-၃-၂၀၀၄ရက် ညနေ ၄:၃၅ နာရီတွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ မဟာဇေယျလမ်း၊ အမှတ် ၁၅ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘသီ (ကလော)
အသက်(၈၄)နှစ်

ကလောမြို့၊ ဘူတာရုံလမ်း၊ အမှတ် ၄/၃၇ နေ ဒေါ်ဖွားကြည်၏ခင်ပွန်း၊ ဦးတင်ငွေ(လက်ထောက်ဌာနမှူး၊ အင်ဂျင်နီယာဌာန၊ ရေနှင့်သန့်ရှင်းမှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)-ဒေါ်နန်းဟိန်းခမ်း၊ နန်းဝင်းဝင်းရွှေ၊ ဦးခင်မောင်မြင့် (လားရှိုး၊ ရေသန့်ဌာန)-နန်းတင်တင်အေး၊ (ဦးနိုင်ဝင်းဖြူ)-ဒေါ်အေးကြည်ဝင်း၊ နန်းဝင်းမေ၊ ဦးအောင်ချို-နန်းဝင်းပြုံး၊ ဦးဇော်ဝင်း-ဒေါ်စိန်အေး၊ နန်းခင်ညိုတို့၏ဖခင်၊ မြေး ၂၀ ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၄-၃-၂၀၀၄ရက်တွင် မဟာမြိုင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၄ ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ် ၅၉၇ မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်စောရင် (ဟင်္သာတ)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၆၈၊ မြေညီထပ်(ယာ)၊ ၁၁၆ လမ်းနေ ဦးဝင်းမြင့် (ခ) ဦးဟုတ်ဝင်း၏ ဇနီး၊ ဒေါက်တာစန်းလွင်-ဒေါက်တာခင်နွယ်ဦး(အဓိပတိဆေးကုခန်း)၊ ဦးမြင့်ကြွယ်-ဒေါ်သင်းသင်းဆွေ (မင်္ဂလာဈေး)တို့၏မိခင်၊မြေးငါးယောက်တို့၏အဘွားသည် ၄-၃-၂၀၀၄ရက်(ကြာသပတေးနေ့) ည ၁၀:၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းလွင်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ကိုင်းတန်းလမ်း၊အမှတ်၈၃နေ ဒေါ်နွဲ့နွဲ့ရီ၏ခင်ပွန်း၊ ကိုသက်ဦး၊(ကိုစိန်ငွေး)-မဝေ၊ ကိုထွေးအောင်-မမြတ်မြတ်ခိုင်၊ကိုရင်ဝေ-မဆွေဆွေနှင်းအေး၊ကိုမျိုးဝင်း-မသီသီညွန့်လွင်တို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၄-၃-၂၀၀၄ ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင် U.H.C အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်မြစိန်
အသက်(၇၄)နှစ်

ပျဉ်းမနားမြို့နေ (ဦးသောင်း-ဒေါ်ထွန်း)တို့၏သမီး၊ (ဦးမင်းဆိုင်-ဒေါ်ဖွားရင်)တို့၏ချွေးမ၊ အမှတ် ၅၊ စပယ်လမ်း၊ ငွေကြာယံရိပ်သာ၊ ပါရမီနေ (ဗိုလ်မှူးကြီးမင်းဒင်၊ ငြိမ်း)၏ဇနီးသည် ၂-၃-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြရန်။ အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဇေယျာလွင်
(လဝက-၁၀၃၆)
(လဝကမှူး၊ ရခိုင်ပြည်နယ်ရုံး)
အသက်(၄၃)နှစ်

အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ခဝဲခြံ ၁ လမ်း၊ အမှတ် ၆၂၇ နေ ဦးစောဖရက်ရွှေ-ဒေါ်ရီမီတို့၏ သားသမက်၊ နန်းတင်တင်လှရွှေ (ဂျီးနို)၏ခင်ပွန်း၊ ဦးမြင့်ဖေ-နန့်တင်တင်မိုးရွှေ (ဥပဒေဌာန၊ အရှေ့ပိုင်းတက္ကသိုလ်)၊ စောသန်းကျော်-မအေးရီ၊ နန့်ယမင်းပပထွန်းတို့၏အစ်ကို၊ မောင်ဆက်အာကာဇော်(V-A၊ ထ-၂၊ မရမ်းကုန်း)၊ မောင်ဆက်ဝေယံလွင်၊ မဆုဝတ်ရည်လွင်တို့၏ဖခင်သည် ၄-၃-၂၀၀၄ရက်တွင် စစ်တွေမြို့တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍စစ်တွေမြို့သုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ၈-၃-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၉ နာရီတွင် ခဝဲခြံပိုးကရင် နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ အရိုးပြာကို ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

သီရိပျံချီ ဦးဇော်ဝင်း(ခ) ဦးဇော်ဝင်းဇော်
မော်ကွန်းဝင်(ပထမဆင့်)
နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အာတီးယားလမ်း(သီရိမင်္ဂလာလမ်း)၊ခြံအမှတ် ၄၀နေ ဦးမောင်မောင်-ဒေါ်ဒေါ်ပိုး၊ ဝဏ္ဏကျော်ထင် ဦးဘထွန်း-ဒေါ်မြင့်မြင့်တို့၏ ကိတ္တိမသား၊ ရန်ကုန်မြို့၊ အောင်မင်းခေါင်လမ်းသွယ် ၁၊ ခြံအမှတ် ၆၉၊ သံလွင်လမ်းနေ စာရေးဆရာမကြီး ဒေါ်နီနီယဉ်၏ခင်ပွန်း၊ ဦးဇော်ဏီဇော်-ဒေါ်မြနွဲ့အေးနှင့် ဒေါ်နီနီဇော်တို့၏ဖခင်၊ မုံရွာမြို့နေ ဦးဇော်လင်း၊ ရွှေဘိုမြို့နေ ဦးဗိုလ်တို့၏ အစ်ကိုကြီးသည် ၄-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရားအမ
ဒေါ်ခင်သီ
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၆၂၊ ဗညားဒလလမ်း၊ ကျောက်ထက်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးဘိုးရင်-ဒေါ်စိန်ရင်)တို့၏ သမီး၊ ဦးစတန်လီ(ပေါလ်)၏ ဇနီး၊ (ဦးယောသ)-ဒေါ်တင်မြ၊ (ဦးဖေသွင်)-ဒေါ်အုန်းရီတို့၏ညီမ၊ (ဦးစိုးမြင့်)-ဒေါ်ငွေး၊ ဦးသန်းထွန်း-ဒေါ်တင်တင်မြင့်တို့၏အစ်မ၊ ဦးကိုကိုဆန်း-ဒေါ်ခင်သီတာဦး(ခ)မကြည်ကြည်ဆန်း၊ ဦးမြင့်ဆွေ-မမာလာဦး၊ ဦးထွန်းအောင်-ဒေါ်မေမီဦးတို့၏မိခင်၊မြေးခုနစ်ယောက်တို့၏ အဘွားသည် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စိုးစိုးနွယ်
B.Sc (IC), D.C.Sc, DMA II
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
အသက်(၃၆)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီး၊ မင်းကုန်းကျေးရွာနေ ဦးတင်သိန်း-ဒေါ်ညွန့်ရီတို့၏သမီး၊ ဦးကျော်စိန်-ဒေါ်မြမြသန်းတို့၏ သမီးချွေးမ၊ အခန်း ၂၄၄ (စတုတ္ထထပ်)၊ ဗားကရာလမ်း၊ မြေနီကုန်းနေ ဦးထွန်းထွန်းနိုင် (လက်ထောက် ညွှန်ကြားရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့)၏ဇနီး၊ ဒေါ်စိုးစိုးဝင်း၊ ဒေါ်ဝင်းမြင့်၊ ဒေါ်မြင့်မြင့်ငွေး၊ ကိုအေးကျော်၊ ဗိုလ်ကြီးလှမိုးဇော်၊ ဦးလှစိုးတို့၏ညီမ၊ မသီတာမိုး၊ ဗိုလ်ဝင်းဇော်ထွေးတို့၏ အစ်မသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၅:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဌာန၌ ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၁၁:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်သာခံ (စစ်တွေ)
စက်ရှင်တရားသူကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူး(ငြိမ်း)
တရားရုံးချုပ်ရှေ့နေ
အသက်(၉၀)

ဦးသန်းမောင် (Kelvin Chia Ygn) - ဒေါက်တာကြည်ကြည်ဆွေ၊ ဦးကြည်ဝင်း(R.O,F,G) - ဒေါ်အေးအေးစံ၊ ဦးဇော်အေးမောင် (MD, Tai Lian General Gems Co., Ltd.)-ဒေါ်လှမြင့်သန်း၊ ဦးသန်းထွန်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်သန်းသန်းအေး၊ ဦးဇော်သန်းကျော် (တာဝန်ခံ အင်ဂျင်နီယာ၊ ဂြိုဟ်တုဆက်သွယ်ရေးစခန်း၊ ဘူးသီးတောင်)-ဒေါ်ခင်မိုးခံ၊ ဦးသန်းထွန်းအေး (အင်ဂျင်နီယာ)၊ ဒေါ်ခင်စောယုမြိုင်၊ ဒေါက်တာဇော်ထွန်း - ဒေါ်သန္တာခင်မောင်သန်း၊ ဒေါက်တာသော်ထွန်း-ဒေါ်မြနန်းအေး၊ ဒေါက်တာပေါ်ထွန်း-ဒေါ်မိုးသူဇာအေး၊ ဒေါ်သူဇာနု၊ ရဲကျော်သူ(Waseda University)၊ ရဲကျော်သိန်း၊ ခင်နှင်းခံ၊ မောင်မောင်ခံ၊ (တင်အောင်ခံ)၊ ထူးမြတ်ခံ၊ မြအိန္ဒာခံ-မိုးဇော်၊ ညီထွေးခံ၊ ထွန်းနောင်ခံ-မသဇင်၊ ကျော်မြတ်ခံ၊ နှင်းအေးခံတို့၏ အဘိုးရှင်၊ မြစ် ၂၀ယောက်တို့၏အဖိုးရှင်သည် ၄-၃-၂၀၀၄ရက် ညနေ ၄:၃၅ နာရီတွင် ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ မဟာဇေယျလမ်း၊ အမှတ် ၁၅ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက်(စနေနေ့)ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ခင် (စိန့်ပေါလ်)
အသက်(၈၀)

အမှတ် ၆/၈၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းနေ စိန့်ပေါလ်ဆရာဟောင်း၊ အထက (၁) ဟင်္သာတကျောင်းအုပ်၊ အထက(၁) ကျောင်းကုန်းကျောင်းအုပ်ဟောင်းသည် ၄-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

ဦးအောင်မြင့်
(မြေနီကုန်း)
အသက်(၅၄)နှစ်

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ရန်ကင်းလမ်း၊ အမှတ် ၁၆နေ(ဦးစိုးပိုင်-ဒေါ်စန်းမြင့်)တို့၏စတုတ္ထသား၊စစ်ကိုင်းမြို့၊ နန်းတော်ရာရပ်နေ (ဦးအောင်ဘ-ဒေါ်အေး)တို့၏သားသမက်၊တိုက်အမှတ် ၃၊ အခန်း ၁၀၁၊ ဒုညင်းကုန်းအိမ်ရာ၊ အင်းစိန်မြို့နယ်နေ ဒေါ်ခင်ခင်တိုး (မန်နေဂျာ၊မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၏ခင်ပွန်း၊ မောင်ခိုင်စိုးအောင်၊ မောင်သန်းထိုက်အောင်တို့၏ဖခင်သည် ၄-၃-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂:၂၅ နာရီတွင် အင်းစိန် ပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့် (မြေနီကုန်း)
အသက်(၅၄)နှစ်

စမ်းချောင်းမြို့နယ်၊မြေနီကုန်း၊ရန်ကင်းလမ်း၊ အမှတ် ၁၆ နေ (ဦးစိုးပိုင်-ဒေါ်စန်းမြင့်)တို့၏သား၊ ဦးလှတိုး-ဒေါ်ခင်စောမြတ်၊ ဦးထွန်းအောင်(ခ) ဦးပီတာ-ဒေါ်တင်နွယ်နွယ်ကြူ၊ ဦးလှမြင့်-ဒေါ်မာမာချိုတို့၏ညီ၊ ဒေါ်အေးအေးညွန့်၊ ဦးစထွန်းသောင်း၊ ဒေါ်ခင်ခင်မြ-ဦးတင့်အောင်၊ ဦးရွှေမြင့်-ဒေါ်သန်းသန်းအေး၊ ဒေါ်ကြည်ကြည်သန်း-ဦးချစ်လှိုင်၊ ဦးစိုးညွန့်နိုင်-ဒေါ်ဝင်းနီကိုတို့၏ အစ်ကို၊ တူ တူမ ၂၂ ယောက်တို့၏ ဦးလေး/ဘကြီး၊ ဒေါ်ခင်ခင်တိုး(မန်နေဂျာ၊မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၏ခင်ပွန်းသည် ၄-၃-၂၀၀၄ရက် မွန်းလွဲ ၂:၂၅ နာရီတွင် အင်းစိန် ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပြည်လုံးကပ်ကျော်စေတီတော်၊ ပဥ္စမုခမာရဇိနိင်ါးမျက်နှာစေတီတော်၊ ရွှေစေတီစေတီတော်၊ ရန်အောင်မြင် ဦးဘရဲနိမ္မိတစေတီတော်များ၏နာယက မြို့နယ်သံဃနာယကဥက္ကဋ္ဌ
ဘဒ္ဒန္တ တိက္ခိန္ဒြိယ (အဂ္ဂမဟာပဏ္ဍိတ)
သက်တော်(၉၂)နှစ်၊ ဝါတော်(၇၂)ဝါ

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ လက်သမားရပ်၊ အတွင်းပတ္တမြားကျောင်းတိုက်ကြီး၏ ဦးစီးနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ တိက္ခိန္ဒြိယသည် ၁၃၆၅ခုနှစ် တပေါင်းလဆန်း ၁၃ ရက် (၃-၃-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ ည ၈:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် တပေါင်းလပြည့်ကျော် ၄ ရက် (၉-၃-၂၀၀၄ရက်) အင်္ဂါနေ့တွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးတပည့်သံဃာ၊ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
အတွင်းပတ္တမြားပရိယတ္တိစာသင်တိုက်၊လက်သမားရပ်၊ဟင်္သာတမြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ကေလာသ မဟာထေရ်
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ အေးရွာကျောင်း၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကေလာသ အရှင်သူမြတ်သည် တပေါင်းလဆန်း ၁၁ ရက် (၁-၃-၂၀၀၄ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ရာ တပေါင်းလကွယ်နေ့နှင့် တန်ခူးလဆန်း ၁ ရက် (မတ်လ ၂၀၊ ၂၁ရက်)တို့တွင် အန္တိမဈာပန သာဓုကီဠနသဘင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ရဟန်း၊ကျောင်းဒါယိကာမ
ဒေါ်တင်ငွေးလှ
(ယုဝတီပင်းယငွေး)
အလက-၄၊ မင်္ဂလာဒုံ(ငြိမ်း)
အသက်(၇၀)

မန္တလေးမြို့(နယ်ပိုင်ဝန်ထောက်မင်း ဦးလှ-ဒေါ်တင်မမ)တို့၏တတိယသမီး၊ (ဗိုလ်မှူးသိမ်းဆွေ)၏ဇနီး၊ ဗိုလ်မှူးကြီးသက်ဝေ(ငြိမ်း) - (ဒေါ်တင်လေးလှ)၊ (ဦးခင်မောင်မင်း - ဒေါ်တင်ထွေးလှ)၊ (ဦးသပြေသိန်း-ဒေါ်တင်အေးလှ)တို့၏ ညီမ၊ (ဦးခင်မောင်)-ဒေါ်တင်မွေးလှ၏ အစ်မ၊ ဒေါက်တာကွန်းမော်-ဒေါ်တင်ဦးဝေ၊ ဦးတင်ကျော်ဝေ-ဒေါ်ချိုချိုမာ၊ ဦးတင်မောင်မောင်နိုင် - ဒေါ်မာမာသီ၊ (ဦးရဲမင်း)-ဒေါ်တင်မာဝေ၊ ဦးမျိုးသက်ဆွေ-ဒေါ်တင်သီတာလှိုင်၊ ဦးအောင်မြင့်ထွန်း-ဒေါ်တင်သန္တာခိုင်၊ မတင်စန္ဒာသိန်းတို့၏အဒေါ်၊ တိုက် ၁၇၊ အခန်း ၃၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ ကံလမ်းနေ (ဗိုလ်ကြီးတင်သုခ)၊ ဦးတင်ဝဏ္ဏ(မြန္မာဆေးခန်း)တို့၏မိခင်၊ မြေး ၁၂ယောက်တို့၏ဘွားဘွားသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၀၀:၁၅ နာရီတွင် မဟာမြိုင်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှထွန်း (လှိုင်းဘွဲ့)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးအောင်မင်းလမ်း၊ ခြံအမှတ် ၃၄၊ ခဝဲခြံ၊ အမှတ်(၂)ရပ်ကွက်နေ (ဦးကုလားကြီး-ဒေါ်တာပု)တို့၏သား၊ (ဦးဝိတ်ချွန်း-ဒေါ်စွမ်းမာ)တို့၏ သားသမက်၊ ဒေါ်ရွှိုက်ဖွန်(ခ)ဒေါ်စန်းစန်းယု၏ခင်ပွန်း၊ ဦးအောင်မင်းဦး - ဒေါ်ယဉ်ယဉ်အေး၊ ဦးအောင်မျိုးမင်း - ဒေါ်နွယ်နွယ်အေး၊ မောင်ယဉ်ထွန်းတို့၏ဖခင်၊ မောင်ထက်နောင်ထွန်း၊ မနှင်းဝင့်ဝါ၊ မောင်ဟိန်းကောင်းဇော်တို့၏ အဘိုးသည် ၄-၃-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက်(စနေနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဗိုလ်ကံကောင်း(ခ)ငြိမ်းချမ်း
B.A (DSA) အပတ်စဉ်(၄၅)
အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးဟာစတာဗဟာဒူး)-ဒေါ်ဂူမား၊ ကလောမြို့၊ငါးနှစ်ကောင်ကျောက်တိုက်နေ (ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်)တို့၏ မြေး၊ ရန်ကင်းမြို့နယ်၊ ၃၀၄ ရိပ်သာ၊ လိုင်း ၁၆၀/၅ နေ ဒုအရာခံဗိုလ်ထင်ကျော်(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်အေးအေးမြင့်တို့၏သားကြီး၊ မောင်သန်းဇော်ငွေး-မယုဇနထင်ကျော်၊ မောင်မင်းချစ်-မနွယ်နီထင်ကျော်တို့၏မောင်၊ မောင်အောင်မင်းထင်၏ အစ်ကိုဖြစ်သူ ဗိုလ်ကံကောင်းသည် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃:၁၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်ခင်လှ
(ဝင်းဝင်းကျော် သယ်/ပို့)
အသက်(၈၇)နှစ်

ပဲခူးမြို့၊ ၁၈ လမ်း၊ အမှတ် ၃ နေ (ဦးရွှေချိန်း)၏ဇနီး၊ ဦးစံမြင့်(ခ)ဦးကျော်ဆင့်၊ ဦးအောင်မြင့်-ဒေါ်ဝင်းသီတာခိုင်၊ မခင်မိမိ၊ ကိုအောင်သိုက်၊ မဒေဝီချိန်း၊ မသီတာထွေး၊ ကိုမြင့်စိန်၊ ဒေါက်တာမြင့်ဆွေ(B.D.S, Ph.D)တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့)တွင်ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ ရက် (စနေနေ့)တွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ပါမည်။ ကျန်ရစ်သူမိသားစု။

သထုံအသင်း
ဒေါ်သန်းသန်း
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၅၃၊ ရွှေတောင်ကြားလမ်းနေ ဘဏ္ဍာရေးမှူး ဒေါ်မြသန်း၏ညီမ ရာသက်ပန်အသင်းဝင် ဒေါ်သန်းသန်းသည် ၂၇-၂-၂၀၀၄ရက်တွင် မုံရွာမြို့၌ ကွယ်လွန်သွားပါ၍ ၂၉-၂-၂၀၀၄ရက်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးကျော်ဝင်း (ကဝဏ္ဏင်း)
(ယခင် ရွှေနဂါးငွေးငွေးလှိုင် ဆေးပေါ့လိပ်)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာလမ်း၊ အမှတ် ၃၇ နေ (ဦးဖုန်းမိ-ဒေါ်ကျင်ငွေ)တို့၏သား၊ (ဦးသောင်းစိန်)-ဒေါ်မြင့်မြင့်ရီတို့၏ညီ၊ဦးတင်မြင့်၊ ဒေါ်ငွေးငွေးလှိုင်၊ ကိုကျော်ထွန်း-မတင်တင်ခိုင်၊ မမြင့်မြင့်မော်(ယူနီဗာဆယ်ဘဏ်၊ ညောင်လေးပင်ဘဏ်ခွဲ)တို့၏ အစ်ကို၊ ကိုတော်ဝင်းသိန်း-မသန်းသန်းဝင်း၊ ကိုဇော်လွင်-မချိုချိုခိုင်၊ မအေးအေးလွင်၊ မောင်မင်းမင်းထွန်း၊ မသူဇာငြိမ်းတို့၏ဘကြီးသည် ၄-၃-၂၀၀၄ ရက် ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း (ခရမ်း)
အသက်(၅၄)နှစ်

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ (၅) ရပ်ကွက်၊ အမှတ် ၃၉၆၊ ပွဲရုံလမ်းနေ (ဦးတော်ငါး-ဒေါ်စိန်ဝင်း)တို့၏ သား၊ (ဦးဘစိန်)-ဒေါ်ကြုတ်ဝါတို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဦးတင်အောင်)-ဒေါ်ရွှေရီ၊ ခရမ်းမြို့နေ ဦးဟုတ်လှိုင်-(ဒေါ်ဟုတ်ကျင်)၊ ဦးစိန်ခိုင်-ဒေါ်ဝင်းကြူ၊ ဦးကျော်တင့်-ဒေါ်ခင်သန်းဝင်း၊ ဒေါ်ခင်မာရီ၊ ဦးဝင်းခိုင်-ဒေါ်မြမြဝင်းတို့၏ညီ/မောင်၊ဦးစိုးမြင့်-ဒေါ်ခင်အေးရီတို့၏အစ်ကို၊ ဒေါ်စန်းစန်းယု၏ခင်ပွန်း၊ မောင်ဖြိုးမင်းသူ (MC II First MB)၏ဖခင်သည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ခရမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ သဒ္ဒါတရားထက်သန်စွာလောင်းလှူ

ရှေ့ဖုံးမှ

ရဟန်းတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအား နှစ်စဉ်ဆက်ကပ်လှူဒါန်းခဲ့ရာ ယခုနှစ် ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၁၃ ရက် (၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်) လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၄)ဖြင့် ထုတ်ပြန်ကြေညာ၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ရာ

စာမျက်နှာ ၃ ကော်လံ ၁ ✳

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပစဉ်။ (မြန်မာ့အလင်း)

တမ္ပလောဟမဟာမုနိရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးမည့်ကျောင်းတော်ကြီး ရတနာပန္နက်တင်အခမ်းအနား ဝန်ကြီးချုပ်တက်ရောက် ပန္နက်တော်တင်အုတ်မြစ်တော်စီ

ရန်ကုန် မတ် ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာကြရာ နံနက် ၇ နာရီတွင် ပဲခူးတိုင်း သာယာကုန်းစပြကျေးရွာအနီး ဝမ်းဘောဒတ်တံတားမှ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပဲခူးတိုင်း ပဲခူးမြို့ ကျက်သရေဆောင် တမ္ပလောဟ မဟာမုနိရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးမည့် ထေရဝါဒဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး ရတနာပန္နက်တော်တင်ခြင်းနှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် ရတနာပန္နက်တိုင်စိုက်ထူပေးစဉ်။ (သတင်းစဉ်)

စစ်ကြောင်းကြီးများ ချီတက်လေ့ကျင့်စဉ် လမ်းကြောင်းများ ခေတ္တပိတ်ထားမည်

ရန်ကုန် မတ် ၅

၂၀၀၄ ခုနှစ်(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ကြောင်းကြီးများသည် မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန်ချီတက်လေ့ကျင့်ကြမည်ဖြစ်ရာ မတ်လ (၁၀၊၁၂၊၁၄၊ ၁၇၊၂၁၊၂၃၊၂၅) ရက်နှင့် တပ်မတော်နေ့(မတ်လ ၂၇ ရက်)တို့တွင် ရွှေတိဂုံဘုရားလမ်း–ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားလမ်း–ပန်တျာလမ်း၊ ရွှေတိဂုံဘုရားလမ်း–မော်ကွန်းတိုက်လမ်း၊ ရွှေတိဂုံဘုရားလမ်း–ဇီဝကလမ်း၊ ဦးထောင်ဘိုလမ်း–ကမ္ဘာအေးစေတီလမ်း (ဗဟန်းအဝိုင်းထိ)၊ ရွှေဂုံတိုင်လမ်း–ကမ္ဘာအေးစေတီလမ်း(ရွှေဂုံတိုင်မီးပွိုင့်ထိ)၊ အင်းလျားလမ်း–ဓမ္မစေတီလမ်း၊ ဦးဝိစာရလမ်း–ဟံသာဝတီအဝိုင်းထိပ်၊ ဦးဝိစာရလမ်း–ချင်းတွင်းလမ်း၊ ပြည်လမ်း–ဗားကရာလမ်း၊ပြည်လမ်း–ဓမ္မစေတီလမ်း၊အလုံလမ်း–ပြည်လမ်း၊ မနော်ဟရီလမ်း–ပြည်လမ်း၊ ပြည်ထောင်စုရိပ်သာလမ်း–ပြည်လမ်း၊ပြည်လမ်း–စကားဝါလမ်း၊ မြို့မကျောင်းလမ်း–စမုံလမ်းတို့ကို လုံခြုံရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး လိုအပ်ချက်အရ လမ်းကြောင်းများ ခေတ္တပိတ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

ယနေ့စောင်ရေ

၂၀၀၁၄၃